မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊အမှတ် (၂၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် စစ်သံမှူး Senior Colonel, Fan Lianfeng တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်)

စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေး ဆည်တာမံများဖွင့်လှစ် ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်သည်နှင့်အမျှ ပြည်သူတို့၏ စားဝတ်နေရေး တိုးတက်လာမည် ဖြစ်သည်။ နိုင်ငံ့လူဦးရေအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍ၏ အခြေခံအကျဆုံး လိုအပ်ချက်မှာ စိုက်ပျိုးရေရရှိရေးပင်ဖြစ်သည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိရန် ရေရှားပါးသောဒေသ များ၌ နိုင်ငံတော်မှ နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘေရွာသစ်ကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်ပေးခဲ့သော စဘေရေလှောင်တမံကို ပခုက္ကူခရိုင်အတွက် စိုက်ပျိုးရေရရှိရန်နှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အထောက်အကူပြုစေရန် ရည်ရွယ်တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၂၃ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးသဖွယ် တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှုရာခိုင်နှုန်း ၄၂၉ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ် နိုင်ခဲ့သည်။ ရေရရှိရေး နည်းလမ်းများရရှိရန် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဒေသဝမ်းစာ ဖူလုံရေးအတွက်သာမက နှမ်းစပါးနှင့် မိုးစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

မကွေးတိုင်းအတွင်း ယခင်က ဆည်နှင့်ကန် ၄၁ခု၊ ဆည်ရေသောက်ဧရိယာ ဧက၂၆၀၆၁၀ ရှိခဲ့ရာမှ ယခု စဘေရေလှောင်တမံ ဖွင့်လှစ်နိုင် ခြင်းကြောင့် ဆည်ရေသောက်ဧရိယာ ဧက၂၆၁၀၁၀အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

စဘေရေလှောင်တမံသည် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် စဘေရွာသစ်ကျေးရွာအနီး ရေငန်ချောင်းကိုပိတ်၍ တည်ဆောက်ထားပြီး မြေသားတမံ အမျိုးအစား ဖြစ်သည်။ တမံအမြင့် ၃၂ပေ၊ အလျားပေ ၆၉၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၆၁၀ ရှိကာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၈၀၃ဒသမ၈၆သန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းရေလှောင်တမံ ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေသည့်အပြင် စပါးနှင့်အခြားသီးနှံ ဧက၄၀၀ အတွက်လည်း စိုက်ပျိုးရေပေးဝေနိုင်ပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ ဒေသခံတောင်သူများအကျိုးအတွက် သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်သည့် ရေလှောင်တမံများကို ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ရေလှောင်တမံများ ရေရှည် တည်တံ့ခိုင်မြဲရန် ဒေသခံ တိုင်းရင်းသားပြည်သူများအပိုင်းကလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရ ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချင်းပြည်နယ် ကျီခါး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ဖလမ်း အောက်တိုဘာ ၂၇

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဝန်ထမ်းများ၏ စာဖတ်ပွဲကို စက်တင်ဘာ ၂၀ရက် နံနက် ၁၀နာရီက ကျီခါးမြို့ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ် ဦးစီးမှူးက စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုး ကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

သုံးသပ်ဆွေးနွေး

ဆက်လက်၍ ဒို့ကျေးရွာဂျာနယ် အတွဲ (၅)၊ အမှတ်(၁၃)မှ စည်သူမောင်၏ အခြေခံ ဥပဒေသာ ပြည်သူတစ်ရပ်လုံး၏ မန်းဒိတ် အစစ်ဆိုသည့်ခေါင်းစဉ်ဖြင့် ရုပ်/သံ(၃) ဦးအမ်အင်းလမ်းက လည်းကောင်း၊ စက်တင် ဘာ ၉ရက်ထုတ် ကြေးမုံသတင်းစာမှ ချစ်နိုင် (စိတ်ပညာ)၏ လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မဆိုသည့် ခေါင်းစဉ်ဖြင့် အငယ်တန်း စာရေး ဒေါ်ညောင်ငိုက်ဟွဲ့က လည်းကောင်း ဖတ်ကြားကြရာ မြို့နယ်ဦးစီးမှူးက ဖတ် ကြားမှုများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေး ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၈-၁၀-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း** (အပိုင်း-၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၁)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးစာတမ်းဖတ်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေး စာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။(အပေါ်ပုံ)

ဖတ်ကြားဆွေးနွေး

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှ ယာဉ်ထိန်း အင်ဂျင်နီယာ ဒေါ်တင်စပါယ် ဦး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနမှ ဦးခင်မောင်လင်း၊ ပို့ဆောင်ရေး စီမံ ကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးချစ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခဒေါက်တာမြင့်သူ မြိုင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးစီးအရာရှိ ဒေါ်ခင်လှ မြင့်၊ ရန်ကုန်တိုင်း ဥပဒေရုံးမှ ဒုတိယတိုင်း ဥပဒေအရာရှိ ဒေါ်ခင်မာကြည်နှင့် ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခ ဌာနမှူး ဒေါ်ဌေးဌေးလွင်တို့က စာတမ်းအသီးသီးကို ဖတ်ကြားတင်ပြ ဆွေးနွေးကြပြီး ပထမနေ့ စာတမ်းဖတ်ပွဲ အစီအစဉ်များကို ညနေပိုင်း တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရန်သားဖွားသင်တန်းဆင်း

ပခုက္ကူ အောက်တိုဘာ ၂၇

ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပခုက္ကူခရိုင် ကျန်းမာ ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန် သားဖွား သင်တန်းဆင်းပွဲ (၃/၂၀၀၈)ကို အောက်တိုဘာ၂၁ရက် နံနက်၉နာရီက ပခုက္ကူ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးအပ်

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တေဇာမြတ်ထွေးနှင့် ဆေးရုံ အုပ်ကြီး ဒေါက်တာဦးကိုကိုကြီးတို့က အမှာ စကားပြောကြားပြီး သင်တန်းဆင်းလက်မှတ် များကို ဆေးရုံအုပ်ကြီးကလည်းကောင်း၊ သင်တန်းနည်းပြများနှင့် သင်တန်းထူးချွန်ဆု ရရှိသူများအား ဒေါက်တာဒေါ်တေဇာမြတ် ထွေးက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြောင်း သိရသည်။ (၀၇၀)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားရေးရည်ရွယ် မြောက်ဥက္ကလာ အထက(၅)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့် တင်ရေးနှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားရေးရည်ရွယ်ချက် ဖြင့် ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁ရက်က မြောက် ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်ခင်ဖြူဝင်းက အဖွင့်အမှာစကားပြောကြား၍ **(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က အောင်မြင်လိုသောလူငယ်များအတွက် ဘဝရည်မှန်းချက်ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ရေးစီမံချက် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီမံချက်ဝင် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ စီမံချက်ဝင် မြို့နယ်အသီးသီးမှ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပစ္စည်း

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အဖွင့်အမှာစကားပြောကြားကာ စီမံချက်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို စီမံချက်ဝင် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံပေးအပ်ပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ဖြေကြား

အစီအစဉ် ဒုတိယပိုင်းဖြစ်သည့် ဗဟိုအဆင့် အသိပေးဆွေးနွေးခြင်းအစီအစဉ်ကို နံနက်၁၀နာရီခွဲတွင် ဆက်လက်ကျင်းပရာ အမျိုးသား ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဒေါက်တာထင်အောင်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ စီမံချက်တာဝန်ခံ ဒေါက်တာဒေါ်ဥမ္မာအောင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် PMCT စီမံချက်အရာရှိ ဒေါက်တာဒေါ်ခင်သန်းနွယ်တို့က အသိပေးဆွေးနွေးကြကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြပြီး အစီအစဉ် ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ စီမံချက်ဝင် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

အဆို-အပြော	ဇာတ်သဘောမှာ
ငိုသောရယ်သော	ဟာသနှော၍
ကျယ်ပြောလှစွာ	အနုပညာမို့
ကြည်သာနှလုံး	ရယ်ရွှင်ပြုံးလို့
ရှေးထုံးစဉ်လာ	မြတ်နိုးစွာဖြင့်
ဇာတ်စာစကား	သီချင်းသားနှင့်
တေးသွားလည်းသိ	စည်းဝါးထိမိ
စွဲငြိသံစဉ်	တေးဆိုရှင်၏
နားဝင်ချိုအေး	မေတ္တာတေးနှင့်
ယဉ်ကျေးမှုအား	ထိန်းသိမ်းသွားစို့။
အက-ညက်ညက်	အလှဖက်၍
စည်းချက်စည်းဝါး	အလေးထားကာ
ခေါင်းခါးခြေလက်	ဤလေးချက်ဖြင့်
တီးကွက်ပိုင်ပိုင်	ကချိုးမြိုင်လျက်
ယှဉ်ပြိုင်မှုများ	အဓိကထားလို့
တေးသွားကိုသီ	ကချိုးညီ၏။
အရေး-အဖတ်	လေ့လာမှတ်၍
အတတ်ပညာ	နက်နဲစွာကို
ဖွေရှာမငြီး	ဆိုရေးတီးက
ရှေးနည်းရှေးဟန်	မြန်မာသံနှင့်
ကာရန်ကျနု	သံစဉ်လှသည်
မြန်မာ့ဂီတ	ကမ္ဘာ့လွှမ်းရမည်။
အတီး-လည်းကောင်း	အဆိုကောင်းမှ
ငြိမ့်ညောင်းထိတ္တာ	တေးကဗျာကို
ရှီးရာသဘင်	အလှဆင်၍
နားဝင်ပီယံ	သူ့လက်သံနှင့်
ဆိုင်းသံဗုံသံ	ခြိမ့်ခြိမ့်ညံလို့
နိုင်ငံတစ်ဝန်း	တေးသံလွှမ်း၏။
ပြိုင်-ကာဆင်နွဲ	သဘင်ပွဲသို့
ရဲရဲဝံ့ဝံ့	တေးသံလွှင့်၍
စင်မြင့်ထက်မှာ	ယဉ်ကျေးစွာဖြင့်
မြန်မာအက	ရှုမဝသည်
ဂီတစွမ်းအား	ပြည်ထွန်းကား၏။
ပွဲ-လယ်တင့်တင့်	ပန်းနှယ်ပွင့်၍
လက်ဆင့်ကမ်းကာ	အစဉ်လာမို့
ရှီးရာမွေ့နှစ်	ဂီတစစ်ဖြင့်
ထွန်းသစ်ဝေဖြာ	တေးသံသာပြီ
ထံတျာကျူးရင့်	အားမာန်ဝင့်၍
ဆင့်ဆင့်ပြိုင်ပွဲ	တူယှဉ်နွဲမည်
ပုလဲငွေဥ	အမြဲရွှေဆု။
ကြီး-မားထည်ဝါ	ပြည်မြန်မာ၌
ရှီးရာဂီတ	ဆိုတီးကြ၍
ဂီတသာလျှင်	လူမျိုးသာမည်တည်း။ ။

မောင်လုနိုင်(ဘုတလင်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၃၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အီတိုးနှင့် မြင့်မြတ်သူတို့၏ မင်္ဂလာအခမ်းအနားများနှင့် ညစာစားပွဲ မြင်ကွင်းအပြည့်အစုံ၊ စင်ကာပူ၏ တည်ဆောက်ရေးလုပ်ငန်းစုများအတွက် မြန်မာလုပ်သားတစ်သောင်းကျော် ခေါ်မည်၊ ကျိုက္ကမီရေလယ်ဘုရားကို ဒီရေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားဖြင့် မီးပူဇော်မည်၊ အောင်ဘာလေထီကို ကျပ်သိန်းတစ်ထောင်ဆုအထိ တိုးမြှင့်ခံစားခွင့်ရတော့မည်၊ ပျူခေတ်ပြက္ခဒိန်ကို ဆက်လက်ဆောင်ရွက်ရန်ရှိ၊ မလေးရှားနိုင်ငံ၌ မြန်မာ့ရိုးရာဇာတာဖွဲ့ ဆော့ဖ်ဝဲသင်တန်းကျောင်းဖွင့်၍ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပေးမည်၊ မြန်မာနိုင်ငံတွင် SEC လက်မှတ်ရရှိပါက စင်ကာပူ၌ ၁၈နှစ် အလုပ်လုပ်ခွင့်ရမည်၊ နိုင်ငံတကာအဆင့်မီ Wifi စနစ်ဖြင့် အင်တာနက်အခမဲ့အသုံးပြုနိုင်သည့်နေရာ၊ ဓာတ်ပုံများကို တစ်ပြိုင်နက်တည်း ရိုက်ကူးပြသနိုင်သော ပရိုဂျက်တာ မြန်မာ့ဈေးကွက်အတွင်း ရောက်ရှိလာ၊ လှိုင်းထဲလေထဲတွင် လက်ပစ်ကူးခပ်ရင်း အိပ်ပျော်သွားခဲ့သော်လည်း အသက်မသေဘဲ ထူးဆန်းစွာ ပြန်တွေ့ရသည့်လူငယ်၊ ဟဲလေးရဲ့မင်္ဂလာဧည့်ခံပွဲမြင်ကွင်း၊ သုံးထပ်ဂီတာဖြင့် လက်စွမ်းပြခဲ့သည့် နိုင်ဇော်၊ ကားငါးစီးဆင့်တိုက်ရာမှ လမ်းဖြတ်ကူးသူတစ်ဦး ပွဲချင်းပြီးသေဆုံး၊ မိုးကြိုးပစ်ခံရသောကြောင့် နွား ၅၂ကောင် တစ်ပြိုင်နက်သေဆုံး၊ ဧရာမပင့်ကူကြီးက ငှက်ကိုဖမ်းဆီးစားသောက်၊ ဖက်ရှင်ပြိုင်ပွဲ၌ အကောင်းဆုံးရရှိသူ ဆုယူရန်တက်လာစဉ် မြွေပေါက်ခံရ၊ လန်ဒန်မြို့ ကောင်းကင်ယံ၌ ထူးဆန်းသော ပန်းရောင်များဖြစ်ပေါ်ခဲ့၊ အီတလီဘဏ်တစ်ခုကို ဓားပြတိုက်သွားသူမှာ အိန္ဒိယလီနာဂျိုလီ ဖြစ်သည်ဟုဆို၊ အိန္ဒိယက လကမ္ဘာသို့ အာကာသယာဉ် ပထမဆုံးလွှတ်တင်၊ ဟီသရိုး လေဆိပ်သို့ ဆင်းခါနီးတွင် လေယာဉ်တစ်စင်း ပန်းကန်ပြားပုံနှင့် တိုက်မိမလိုဖြစ်ခဲ့၊ ကမ္ဘာ့အထူးချွန်ဆုံး ဘင်ဂျိုသမားက သူ၏ဦးခေါင်းကို ခွဲစိတ်ကုသနေစဉ်အတွင်း ဘင်ဂျိုတီးနေခဲ့၊ ပြင်သစ်ရေတပ်မှ ဆိုမာလီပင်လယ်ဓားပြများအား ဖမ်းဆီးရမိ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေး စသည့်ဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို(စနေ) တစ်ပတ်ခြား အဆက်မပြတ် ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁ရက် မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းဟောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဟန်စိန်သန့် အင်ဂျင်နီယာလုပ်ငန်းနှင့် ရောင်းဝယ်ရေး၏ ပံ့ပိုးကူညီမှုဖြင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက နိုးကြားမှုနှင့် လုပ်ငန်းခွင်ပုံစံ (Motivation and Job Design) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ဆွေးနွေးမေးမြန်းနိုင်

စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်ဆွေးနွေးမေးမြန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒဂုံမြို့သစ်(မြောက်ပိုင်း)ပြန်/ဆက်ဦးစီးဌာန အထက(၁)တွင် ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားစေရန်နှင့် တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားလာစေရန် ဦးတည်ချက်ဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်ကာ အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်သို့ စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝေက လက်ခံယူသည်။ (ဝဲပုံ)

ဟောပြော

ယင်းနောက် ကျောင်းသား ကျောင်းသူများအား ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က 'မိမိဘဝ ဘယ်လိုမြင့်တင်မလဲ' ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝေက ဆုံးမသြဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အီရတ်နိုင်ငံ ဖလူးဂျာ မြို့၌ အမေရိကန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြနေသည်ကို အောက်တိုဘာ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမား တရုတ်ပြည်သူများအကြား ထောက်ခံမှုရရှိ

ပေကျင်း အောက်တိုဘာ ၂၇

အမေရိကန်သမ္မတ ရွေးကောက်ပွဲဝင်မည့် ဒီမိုကရက်တစ် သမ္မတလောင်း အိုဘားမားမှာ တရုတ်ပြည်သူများအကြားတွင် ထောက်ခံမှု ၇၅ရာခိုင်နှုန်းအထိ ရရှိသူဖြစ်ကြောင်း ချိုင်းနားဒေးလီက အောက်တိုဘာ ၂၃ ရက်၌ ဖော်ပြသည်။

လေ့လာချက်

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းထက် တရုတ်ပြည်သူများက အိုဘားမား(ယာပုံ)ကို ပိုမိုထောက်ခံကြသည်ဟုလည်း ဟော်ရိုက်ဇွန် သုတေသနဌာန၏ လေ့လာချက်တွင် ဖော်ပြပါရှိသည်။

ဝေဖန်ဆန်းစစ်

ဒေသတွင်း တရုတ်နိုင်ငံ၏ လျင်မြန်စွာ စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံရေးဩဇာ ကြီးထွားလာခြင်းမှာ အာရှတိုက်တွင် အမေရိကန်ဩဇာအာဏာကို ယှဉ်ပြိုင်လာမှုအဖြစ် ဝေဖန်ဆန်းစစ်သူများက ရှုမြင်သည်။ သို့သော် ဤနှစ်နိုင်ငံသည် ယေဘုယျ ရင်းနှီးစွာဆက်ဆံကြသည်ဟုလည်း သုံးသပ်ကြသည်။ အိုဘားမားသည် အမေရိကန်၏ မျှော်မှန်းချက်ကို သက်ရှိထင်ရှားကိုယ်စားပြုနိုင်သူဟုလည်း မှတ်ချက်ပြုသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နှင့် ဆက်ဆံရေးဖြတ်တောက်လိုက်ကြောင်း

အီရတ် အစ္စလမ္မစ်ပါတီ ထုတ်ပြန်ကြေညာ

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

ဖလူးဂျာမြို့၌ လူတစ်ဦးသေဆုံးခဲ့သည့် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အီရတ် အစ္စလမ္မစ်ပါတီက အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများနှင့် ဆက်ဆံရေးကို အောက်တိုဘာ ၂၅ရက်က ဖြတ်တောက်လိုက်သည်။

ကြေညာ

အမေရိကန်နှင့် အီရတ်တို့၏ အောက်တိုဘာ ၂၄ရက်က ပူးတွဲစစ်ဆင်မှုအတွင်း သေဆုံးသူမှာ ၎င်းတို့၏ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း အီရတ်နိုင်ငံ၌ အကြီးဆုံး ဆွန်နီပါတီဖြစ်သည့် အီရတ် အစ္စလမ္မစ်ပါတီက ကြေညာသည်။ ဖလူးဂျာမြို့၌ စီးနင်းတိုက်ခိုက်စဉ်အတွင်း တစ်ဦးသေဆုံးပြီး တစ်ဦးကိုဖမ်းမိလိုက်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သေဆုံး

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကျေနပ်လောက်အောင် ဖြေရှင်းချက်မရမချင်း အမေရိကန်တို့နှင့် ဆက်ဆံရေးကို ဖြတ်တောက်ထားမည်ဖြစ်ကြောင်း အီရတ်အစ္စလမ္မစ် ပါတီက ကြေညာထားသည်။ **(အင်တာနက်)**

ဒဏ်ရာရရှိ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆေးရုံတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသည့် ကလေးအား ၎င်း၏ ဖခင်ဖြစ်သူနှင့်အတူ အောက်တိုဘာ ၂၅ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီမီရိတ် လေကြောင်းလိုင်းသို့ အဲဘတ်စ် အေ-၃၈၀ လေယာဉ်သစ်နှစ်စင်း မကြာမီရောက်မည်

ပေကျင်း အောက်တိုဘာ ၂၇

ဒူဘိုင်းလေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် အီမီရိတ်လေကြောင်းလိုင်း အနေဖြင့် ယခုနှစ်အတွင်း အဲဘတ်စ်ကုမ္ပဏီမှ လွှဲပြောင်းပေးအပ်ရန် နှောင့်နှေးကြန့်ကြာခဲ့သည့် အဲဘတ်စ်အေ-၃၈၀ လေယာဉ်နှစ်စင်းကို လက်ခံရရှိတော့မည်ဖြစ်ကြောင်း အီမီရိတ် လေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဲဘတ်စ်အေ-၃၈၀ လေယာဉ်များကို ယခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း လက်ခံရရှိမည်ဟု မျှော်လင့်ကြောင်း၊ နောက်ထပ်စူပါဂျမ်ဘို လေယာဉ်များကို ၂၀၀၉ခုနှစ် မတ်လအကုန်တွင် ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ထုတ်လုပ်

ယင်းလေယာဉ်များကို ၂၀၀၅ ခုနှစ်တွင် လွှဲပြောင်းပေးအပ်ရမည်ဖြစ်သော်လည်း နည်းပညာဆိုင်ရာ လိုအပ်ချက်များကြောင့်ဖြစ်ကြောင်း အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီက ပြောကြားသည်။

အဲဘတ်စ်အေ လေယာဉ်သစ်တစ်စင်းကို အောက်တိုဘာ ၂၄ ရက်က လွှဲပြောင်းလက်ခံရရှိခဲ့ပြီး ဒူဘိုင်းနှင့် နယူးယောက်သို့ အောက်တိုဘာ ၂၇ ရက်မှစ၍ နေ့စဉ်ပျံသန်းပြေးဆွဲနေပြီ ဖြစ်သည်။

အီမီရိတ်လေကြောင်းလိုင်းမှ အဲဘတ်စ်အေ လေယာဉ် ၅၈ စင်း မှာယူထားရာ အများဆုံး လေယာဉ်ဝယ်ယူမည့်လေကြောင်းလိုင်း ဖြစ်လာကြောင်း သိရသည်။

(အင်တာနက်)

လုံခြုံရေးကင်းမဲ့လာမည်ဆိုသော ကန်ဗိုလ်ချုပ်ကြီး၏မှတ်ချက် အီရတ်အစိုးရ စိုးရိမ်မိကြောင်း ဝေဖန်ပြောကြား

ဘဂ္ဂဒက် အောက်တိုဘာ ၂၇

အီရတ်တို့အနေဖြင့် အဓိကလုံခြုံရေးစာချုပ်ကို သဘောတူညီမှုမရခဲ့လျှင် အမေရိကန်စစ်ဗိုလ်ချုပ်ကြီး အဒမ်မိုက်မူလ်လန်က လုံခြုံရေးကင်းမဲ့လာလိမ့်မည်ဟု သတိပေးပြောကြားခြင်းကို အီရတ်အစိုးရက ဝေဖန်ပြောကြားလိုက်သည်။

ပြောင်းလဲသွားနိုင်

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌ဆက်နေခွင့်မှာ ဒီဇင်ဘာလအကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်၍ ဆက်လက်ပြီး တပ်များစွဲထားနိုင်ရန် လုံခြုံရေးမူကြမ်း သဘောတူစာချုပ်ကို ပြောင်းလဲသွားနိုင်ရေး အီရတ်အစိုးရက ဆော်ဩပေးခြင်း အားနည်းနေကြောင်း အမေရိကန်တို့က ပြောကြားသည်။

အလွန်စိုးရိမ်

အဆိုပါ အမေရိကန်ဗိုလ်ချုပ်ကြီး၏ မှတ်ချက်အတွက် အလွန်စိုးရိမ်ပူပန်မိကြောင်း အီရတ်အစိုးရပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ဒတ်ဘတ်က ပြောကြားသည်။

ထိုအတောအတွင်း မိုဆူးလ်မြို့ မြောက်ပိုင်း၌ သီးခြားစီ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လေးဦးသေဆုံးသွားခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် ယခုနှစ် ဒီဇင်ဘာလမကုန်မီ လုံခြုံရေးအတွက် အသင့်မဖြစ်သေးကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ပတ္တနီပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား စစ်သွေးကြွနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ပတ္တနီ အောက်တိုဘာ ၂၇

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်အတွင်း ခွဲထွက်ရေးသမားတို့ ခိုအောင်းရာနေရာကို ဝိုင်းထားသည့် ထိုင်းအစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား ၅ နာရီကြာ လိပ်ခဲတည်းလည်းဖြစ်ပွားစဉ် အပြန်အလှန်ပစ်ခတ်မှုကြောင့် ထိုင်းရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် စစ်သွေးကြွ နှစ်ဦးတို့ အောက်တိုဘာ ၂၄ရက်က သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေဆုံးသူစစ်သွေးကြွနှစ်ဦးမှာ ဝိုင်းထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လက်နက်မချဘဲ ငြင်းဆန်ခုခံခဲ့သည့်အတွက် ပစ်သတ်ခံရခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံခြားသားနှစ်ဦးအား အာဖဂန်လုံခြုံရေးအစောင့် ပစ်သတ်

ကဘူးလ် အောက်တိုဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မှ ကမ္ဘာ့လှည့်ခရီးသည် ဧည့်လမ်းညွှန် ကုမ္ပဏီ ဒီအိတ်ချ်အယ်လ်မှ နိုင်ငံခြားသားနှစ်ဦးအား အာဖဂန်လုံခြုံရေးအစောင့်တစ်ဦးက အောက်တိုဘာ ၂၅ရက်က ပစ်သတ်လိုက်ပြီး သူ့ကိုယ်သူအဆုံးစီရင်လိုက်ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီး မစ္စတာအက်မာက အောက်တိုဘာ ၂၆ရက်၌ ပြောကြားသည်။

ဒဏ်ရာရရှိ

ဒီအိတ်ချ်အယ်လ်ရုံးရှေ့တွင်ဖြစ်ပွားသည့် ယင်းပစ်ခတ်မှုတွင် အခြားအီရတ်နိုင်ငံသားနှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ပစ်သတ်

ထိုသို့ပစ်သတ်ခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီး မစ္စတာအက်မာက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး ဦးဆောင်သည့်အဖွဲ့အား အောက်တိုဘာ၂၆ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

(မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)

မုံရွာ စက်မှုလက်မှုသိပ္ပံ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၇

မုံရွာ စက်မှုလက်မှုသိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို လာမည့် ဒီဇင်ဘာ ၆ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့် ရွှေတိဂုံဘုရားအရှေ့မုခ် အဝင်လမ်းထိပ် ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် ရန်ကုန်-ကိုအောင်လွင်အောင် ဖုန်း-၀၉-၅၁-၁၁၆၄၄၊ ကိုဇော်မြင့်ဦး ဖုန်း-၀၁-၅၉၃၁၈၁၊ မခင်စိုးမိုး ဖုန်း-၀၁-၇၂၆၃၉၉၊ မမြတ်မြတ်မိုး ဖုန်း-၀၁-၇၀၄၈၉၀၊ မနီလာစိုး ဖုန်း-၀၉-၅၀-၆၀၇၂၄၊ ကိုစီဝမ်း ဖုန်း-၀၉-၅၁-၈၇၁၀၇၊ မနွဲ့နွဲ့စိန် ဖုန်း-၀၉-၅၁-၆၉၄၆၈၊ မန္တလေး-ကိုစိုးတင့်ဦး ဖုန်း-၀၉-၂၀-၀၃၃၅၇၊ ၀၂-၇၂၅၄၄၊ မုံရွာ-ကိုထွန်းဇံ ဖုန်း-၀၉-၂၁-၃၁၄၁၃၊ ကိုကျော်စိုး ဖုန်း-၀၇၁-၂၂၆၆၄၊ ကလေးမြို့- ကိုလွင်ဦး ဖုန်း-၀၇၃-၃၀၀၀၃နှင့် နေပြည်တော်-ကိုထွန်းထွန်းဝင်း ဖုန်း-၀၆၇- ၄၀၉၄၀၆(ရုံးချိန်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရာတေးဒို နည်းစနစ်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၇

အားကစားဝန်ကြီးဌာန၏ မှာကြားချက်အရ အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ ကရာတေးဒိုနည်းစနစ်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအားကစားလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၇ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၇

ရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ အောက်တိုဘာ ၁၉ရက်မှ ၂၁ရက်အထိကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ဆီးရီးယားပိုင်နက်အတွင်း အမေရိကန်လေကြောင်းမှ တိုက်ခိုက် အပြစ်မဲ့အရပ်သား ရှစ်ဦးသေဆုံးခဲ့

ဒမတ်စကတ် အောက်တိုဘာ ၂၇

အမေရိကန် စစ်ဘက်ရဟတ်ယာဉ်များက အောက်တိုဘာ၂၆ရက်တွင် အီရတ်နယ်စပ်အနီး ဆီးရီးယားပိုင်နက်အတွင်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးသွားသည့်အတွက် အလွန်စိုးရိမ်ပူပန်မိကြောင်း ဆီးရီးယားအစိုးရက ပြောကြားသည်။

တိုက်ခိုက်

အမေရိကန်အထူးတပ်များအနေဖြင့် ဆီးရီးယားမှတစ်ဆင့် အီရတ်နိုင်ငံအတွင်း ဝင်ရောက်ရန် ကြိုးစားနေသော အယ်လ်ခိုင်ဒါကွန်ရက်မှ နိုင်ငံခြားတိုက်ခိုက်ရေးသမားများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

လုံခြုံရေးမြှင့်တင်

အဆိုပါ တိုက်ခိုက်မှုသည် အီရတ်နိုင်ငံအတွင်း ဆီးရီးယားမှတစ်ဆင့် ဝင်ရောက်နေသည့် နိုင်ငံခြားတိုက်ခိုက်ရေးသမားများအား နှစ်ဆတိုးမြှင့်တင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးတစ်ဦးက ပြောကြားခဲ့ပြီးနောက် ရက်များမကြာမီအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရဟတ်ယာဉ်များသည် ဆီးရီးယားနိုင်ငံအတွင်း နယ်စပ်မှ ငါးမိုင်အကွာ အဘူကာမယ်မြို့အနီး အရပ်ဘက်အဆောက်အအုံတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကလေးငယ် လေးဦးအပါအဝင် အရပ်သားရှစ်ဦး သေဆုံးသွားသည်။

(အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများအတွင်း ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၇ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရပါလျှင် ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ရန်ကုန်တိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

အောက်တိုဘာ ၂၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(သပြေကုန်း)	၀ ဒသမ ၇၉ လက်မ
နေပြည်တော်(လယ်ဝေး)	၀ ဒသမ ၇၅ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၃ ဒသမ ၈၂ လက်မ
ရန်ကုန်(မြို့လယ်)	၃ ဒသမ ၅၈ လက်မ
မောင်တော	၂ ဒသမ ၃၆ လက်မ
စစ်တွေ	၁ ဒသမ ၆၉ လက်မ

အောက်တိုဘာ ၂၈ရက် (**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

အောက်တိုဘာ ၂၈ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း၈၀ဖြစ်သည်။

ကုန်းတွင်းမုန်တိုင်းငယ်အားပျော့

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားကာ ပိုမိုအားကောင်းလာခဲ့ပြီး ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း 'ရာရှ်မီ' အဖြစ်သို့ ရောက်ခဲ့သည်။ ယနေ့ မြန်မာစံတော်ချိန်၁၀နာရီ တိုင်းထွာချက်အရ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးမှ ကမ်းခြေကိုဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ နောက် ၂၄နာရီအတွင်း အားပျော့သွားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖောင်ပိတ်သတင်း

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း၌ ရာရှ်မီမုန်တိုင်းမွှေနှောက် အိုးအိမ်ထောင်ပေါင်းများစွာ ပြိုကျပျက်စီး၊ ဒီရေများမြင့်တက်ခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းသို့ အောက်တိုဘာ၂၇ရက် နံနက်ပိုင်းက တစ်နာရီလျှင် မိုင်၅၀နှုန်းဖြင့် တိုက်ခတ်ခဲ့သော ရာရှ်မီဆိုင်ကလုန်းကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာတို့ ထိခိုက်ဒဏ်ရာရရှိသွားကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထောင်ပေါင်းများစွာပျက်စီး

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးခဲ့ပြီး လျှပ်စစ်နှင့် တယ်လီဖုန်းလိုင်းများ ပျက်စီးသွားသည့်အပြင် သစ်ပင်ကြီးများ အများအပြား လဲကျခဲ့ကြောင်း၊ ကောက်ပဲသီးနှံစိုက်ခင်း ဧကမြောက်မြားစွာ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

သေဆုံးသူနှစ်ဦးမှာ မြို့တော် ဒါကာတောင်ဘက် ၂၁၉မိုင်အကွာ ဘိုလာခရိုင် ဂိုကျေးရွာတစ်ရွာမှ နေအိမ်တစ်လုံး ပြိုကျစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

ရွှေ့ပြောင်းပေးခဲ့

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကမ်းလွန်ကျွန်းများနှင့် ကမ်းခြေဒေသများတွင် ဒီရေများ ပုံမှန်ထက်နှစ်မီတာမြင့်တက်ခဲ့ကြောင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း သိရသည်။ **(အင်တာနက်)**

✳ *ကျောဖုံးမှ*

ယာတဲရှိရာသို့ ကန်သင်းရိုးပေါ်မှ ဖြတ်လျှောက်လာစဉ် ဝဲ/ယာဘေး တစ်ဖက်တစ်ချက်၌ မြေပဲစိုက်ခင်းများ၊ မုန်လာစိုက်ခင်းများကို မြင်တွေ့ရသည်။ စိမ်းစိုလန်းဆန်းကာ အရွက်များဖားဖားဖြင့် သန်စွမ်းနေမှုကြောင့် တောင်သူတို့ ဒီတစ်နှစ်၌ အဆင်ပြေပေတော့မည်ဟု တွေးမိသည်။

ပြောင်းစိုက်ခင်းအတွင်း တပျော်တပါး ပြောင်းဖူးချိုးနေကြသူများ....။ (မြန်မာ့အလင်း)

ညှို့ဝတ်ကျေပွန်

ယာတဲသို့အဝင် ''လာ...ဆရာတို့၊ ပြောင်းဖူးပြုတ်ချိုချိုလေးတွေ စားကြည့်ကြပါဦး''ဟု မည်သူမည်ဝါမမေးဘဲ ညှို့ဝတ်ကျေပွန်စွာဖြင့် ရှိတာချကျွေးနေသည့် ရိုးသားသော တောင်သူကြီး ဦးထွန်းအေးကို တွေ့လိုက်ရသည်။ ယာတဲအတွင်း ချိုးပြီးသား ပြောင်းဖူးများက အပုံလိုက်။ တောင်းထဲထည့်ပြီး လှည်းပေါ်တင်နေသူများ၊ ပြောင်းဖူးချိုးနေသူများက လုပ်ငန်းများကို ကျွမ်းကျင်စွာ လုပ်ကိုင်နေကြသည်။

ပြောင်းချိုမျိုး

တောင်သူ ဦးထွန်းအေးက ပြောင်းဖူးများ လှည်းပေါ်တင်နေသည်ကို ကိုယ်တိုင်စီစဉ်နေသဖြင့် ခေတ္တစောင့်ပြီး သိလိုသည်များကို မေးမြန်းရသည်။ ''ဒီကွင်းက နေပြည်တော်တပ်ကုန်းအပိုင် သူဌေးကုန်းကွင်းလို့ ခေါ်တယ်။ ဒီကွင်းမှာတော့ တောင်သူတွေက သူတို့ စိတ်ကြိုက် စိုက်ခင်းတွေ စိုက်ပျိုးနေကြတာပဲ။ အားလုံးစိုက်ခင်းတွေ ဖြစ်ထွန်းကြတယ်။ ကျွန်တော်ကတော့ ပြောင်းစိုက်တာပါ။ အခုစိုက်ပြီး ချိုးနေတဲ့ ပြောင်းအမျိုးအစားက ပြောင်းချိုမျိုး ဖြစ်ပါတယ်။ ဆရာတို့ အခု ပြောင်းဖူးပြုတ်ကို စားကြည့်လိုက်၊ အရာသာ သိပါလိမ့်မယ်။ ပြုတ်စား၊ ကြော်စားလို့ရတဲ့ ပြောင်းမျိုးပေါ့'' ဟု ပြောပြသည်။

နူးညံ့

ပြောင်းဖူးပြုတ်ကို စားကြည့်လိုက်ရာ ချိုမြပြီး ပြောင်းစေ့အသားများမှာ နူးညံ့နေသည်။ ပြောင်းစေ့များမှာ အရွယ်အစားကြီးကာ ညီညာသည်။ ပြောင်းစေ့ အဖျင်း၊အညှပ် မရှိချေ။

''ဒီပြောင်းစိုက်ခင်းက တစ်ဧကနဲ့ ဒသမ ၈၀ ရှိတယ်။ ပြောင်းစေ့မျိုး အနေနဲ့ကတော့ တစ်ပြည်နဲ့ နို့ဆီဘူး ခြောက်လုံးပါရှိတဲ့ ပြောင်းစေ့အိတ် ခုနစ်အိတ်လောက် မျိုးချရပါတယ်၊ မိုးရာသီဆိုရင်တော့ အစေ့ထုတ် ပြောင်းမျိုးကိုစိုက်ပြီး မိုးလယ်မှာ စားပြောင်းဖြစ်တဲ့ အခုစိုက်ထားတဲ့ ပြောင်းချိုမျိုးကို စိုက်ပျိုးတာပေါ့၊ စတင်စိုက်ပျိုးချိန်နဲ့ ပြောင်းခူးချိန်ဆိုရင် စုစုပေါင်း ၇၅ရက် ကြာပါတယ်''ဟု တောင်သူ ဦးထွန်းအေးက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

အစီအရီ

ပြောင်းစိုက်ခင်းအတွင်းမှ ပြောင်းဖူးများကိုချိုးပြီး တဲအတွင်း လာပုံနေကြသူများ၊ ပြောင်းဖူးများကို တောင်းအတွင်းထည့်ကာ လှည်းပေါ်တင်နေကြသူများ၊ ပြောင်းဖူးများ စနစ်တကျ အစီအရီဖြစ်အောင် ပြုပြင်နေသူများကိုလည်း တွေ့ရသည်။

''ထယ်ရေးစတဲ့အချိန် ပြောင်းမစိုက်ခင်မှာ ထယ်မြောင်းတွေအတွင်း ဓာတ်မြေဩဇာ ထည့်ပေးရတယ်။ ပြောင်းစိုက်ပြီး ရက် ၂၀မှာ တစ်ကြိမ် ပုလဲမြေဩဇာထည့်ပေးရသလို နောက်ထပ် ရက်၂၀ အကြာမှာ ပုလဲမြေဩဇာကို ထပ်ထည့်ပေးရပါတယ်။ ဒီကွင်းမှာ ပြောင်းပင်တွေကို သီးနှံဖျက်ပိုးတော့ မကျပါဘူး။ ဒါပေမယ့် ကြွက်အန္တရာယ်တော့ရှိတယ်။ ဒါကို သတိထား စောင့်ကြပ်ရပါတယ်'' ဟု ပြောပြသည်။

ဖျက်ပိုး

မှန်ပေမည်။ ပြောင်းဖူးများ၊ ပြောင်းရွက်များနှင့် ပြောင်းပင်စည်များပေါ်တွင် သီးနှံဖျက်ပိုးများ ကျရောက်ထားမှုကို မတွေ့ရ။ သို့သော် ပင်စည်အချို့အောက်၌ ကြွက်တွင်းများကို တွေ့ရသည်။

''ဒီပြောင်းချိုမျိုးက မြေအမျိုးအစားသိပ်မရွေးဘူး၊ မြေအသင့်အတင့်ဆိုရင် စိုက်ပျိုးလို့ရတယ်။ ဒုတိယတန်းစား မြေမျိုးဆိုရင် စိုက်လို့ရပြီ။ တစ်ခုသတိထားရမှာက အပင်ငယ်ချိန်မှာ မိုးကိုကြောက်တယ်။ အပင်ပျက်စီးတတ်လို့ပါ။ ဒါပေမယ့် အပင်ကြီးလာရင် မိုးကိုကြိုက်ပြန်ရော၊ အဲ...အပင်ကြီးချိန်၊ အဖူးထွက်ချိန်မှာ မိုးရွာရင်တော့ ပြောင်းဖူးက အလွန်ချိုပေါ့ဗျာ'' ဟု တောင်သူဦးထွန်းအေးက အားတက်သရော ရှင်းပြသည်။

အောင်မြင်ဖြစ်ထွန်းနေသော ပြောင်းဖူးများဖြင့် ဝေဆာနေသည့် ပြောင်းချိုပင်အချို့....။ (မြန်မာ့အလင်း)

ပြောင်းစိုက်ဧက

ပြောင်းချိုစိုက်ပျိုးလျှင် အနံ့ထွက်ချိန် (သားကပ်ချိန်)တွင် မိုးမရွာပါက ရေသွင်းပေးရသည်။ ပြောင်းစိုက်ဧကအနေဖြင့် ဧက တစ်ဒသမ ၈၀ ဆိုလျှင် ကျွဲ သို့မဟုတ် နွား ငါးရှဉ်းခန့်ဖြင့် ထွန်ယက်စိုက်ပျိုးရသည်။ စတင်စိုက်ပျိုးချိန်မှ ပြောင်းချိုး၊ပြောင်းသယ်ချိန်အထိ အလုပ်သမား စုစုပေါင်း ၃၀ ခန့် အသုံးပြုရကြောင်း သိရသည်။

တွက်ခြေကိုက်

''အခု ကျွန်တော် စိုက်ထားတဲ့ ပြောင်းစိုက်ခင်း အရွယ်အစားဆိုရင် ပြောင်းဖူးအရေအတွက် ၃၀၀၀၀ လောက် ထွက်တယ်။ ကုန်ကျစရိတ်က အများဆုံးကျပ်၁၀ သိန်းလောက်ကုန်ကျပေမယ့် ပြောင်းဖူးထွက်ချိန်မှာ အနည်းဆုံး ကျပ်သိန်း ၃၀လောက် ရတယ်။ စိုက်ပျိုးရတာ တွက်ခြေကိုက်တာပေါ့ဗျာ။ စိုက်ကြ၊ ပျိုးကြဖို့နဲ့ စိုက်တတ်၊ ပျိုးတတ်ဖို့ပဲ လိုအပ်တာပါ...''ဟု ပြောပြသည်။

ကျယ်ကျယ်ပြန့်ပြန့်

ပြောင်းစိုက်ခင်းမှထွက်လာသော ပြောင်းဖူးများကို သွားရောက် ရောင်းချရန် မလိုချေ။ ဝယ်လက်များက စိုက်ကွင်းအထိ လာရောက် ဝယ်ယူနေကြသည်။ တောင်သူများ ကြီးပွားချမ်းသာနိုင်သည့် ပြောင်းချိုစိုက်ပျိုးခြင်းကို ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြလျက်ရှိနေပြီ ဖြစ်သည်။

ဝင်ငွေတိုးတက်

ပြောင်းစိုက်ခင်း၏ ယာတဲမှအထွက် နောက်လည်း လာလည်ပါဦး ဆရာတို့ဟု တောင်သူ ဦးထွန်းအေး၏ ဖိတ်ခေါ်မှုကို တုံ့ပြန်ရင်း လက်ပြနှုတ်ဆက်ကာထွက်ခွာလာခဲ့ကြသည်။ အပြန်ခရီး၌ အောင်မြင်ဖြစ်ထွန်းနေသော ပြောင်းချိုများ၊ ဝင်ငွေများ တိုးတက်ကာ ကြီးပွားချမ်းသာလာကြတော့မည့် တောင်သူကြီးများကို မြင်ယောင်မိရင်း....။ ။

(မြန်မာ့အလင်း)

နေပြည်တော်တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ သူဌေးကုန်းကွင်းတွင် ပြောင်းစိုက်ခင်းမှချိုးပြီးပြောင်းဖူးများကို တောင်းအတွင်းမှ လှည်းပေါ်သို့ ဤသို့အစီအရီ စနစ်တကျ တင်ဆောင်ရသည်။ (မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် အမှတ်(၁၅) သကြားစက်(ရွှေညောင်)ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းက ခေါင်တိုင်လမ်းခွဲ တောင်လေးလုံးကျေးရွာအုပ်စုရှိ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာန အမှတ်(၁၅)သကြားစက်(ရွှေညောင်)အတွင်း ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လမ်းဘေးဝဲယာတစ်လျှောက်တွင် အောင်မြင် ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများ၊ ပန်းနှမ်းနှင့် ဆီမုန်လာ၊ ဆီမုန်ညင်း စိုက်ခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ လိန်းလီတံတား ချဉ်းကပ်လမ်း မြေသားလုပ်ငန်းပြီးစီးမှုကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်အား လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်းတိုးချဲ့ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးသိန်းဇော်က နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင် (၂၄/၆)မှ မိုင်တိုင်(၇၀/၂)အထိ ၄၅မိုင် ၄ဖာလုံ နှစ်အလိုက် လမ်းတိုးတက်ပြုပြင်ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

အမ်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ သယု(ပဲပဒုံ)တံတား တည်ဆောက်ရေးစီမံကိန်းနှင့် အမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက အမ်းမြို့၏ အရှေ့မြောက်ဘက် ၃ ဒသမ ၅မိုင်အကွာရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၆) တည်ဆောက်ရေးမှ တာဝန်ယူတည်ဆောက်လျက်ရှိသော အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြပြီး ရှုရပ်ဆောင်မှ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

သယု(ပဲပဒုံ)တံတား

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေ ကားလမ်းပေါ်ရှိ မိုင်တိုင် အမှတ် (၉၁/၂) အနီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော သယု(ပဲပဒုံ) တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် အမ်းမြို့ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့သည် အမ်းမြို့ လေယာဉ်ကွင်း၌ လေယာဉ်ပြေးလမ်း အသုံးပြုရန် မီးတပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး Original Group Co.,Ltd.မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင်(၃၀၀) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဆေးရုံသစ် အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

Shine Universal Services Co., Ltd. ပညာရေးဝန်ဆောင်မှုများ ရှင်းလင်းဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၇

Shine Universal Services Co., Ltd. ၏ ပညာရေးဝန်ဆောင်မှုများနှင့် ရည်ရွယ်ချက်များကို စာနယ်ဇင်းများမှ တာဝန်ရှိသူများအား ရှင်းလင်းပွဲကိုအောက်တိုဘာ၂၅ရက်မွန်းလွဲ၂နာရီက ဆီဒိုးနားဟိုတယ် မင်းတုန်းမင်းခန်းမ၌ကျင်းပရာ Shine စတင်တည်ထောင်ဖြစ်ပုံနှင့် ရည်ရွယ်ချက်များကိုဒေါ်စန္ဒာနွယ်ကလည်းကောင်း၊**(အပေါ်ပုံ)**၊ Shine မှ ဆောင်ရွက်ပေးနေသည့် အဓိက ဝန်ဆောင်မှုများကို ဒေါ်မေစန်းနွယ်က လည်းကောင်း၊ Shine၏ အဆင့်မြင့် ပညာရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို ဒေါ်အေးမြဝင်းက လည်းကောင်း၊ Educational hubဖြစ်ရန် ကြိုးစားနေသည့် စင်ကာပူနိုင်ငံသို့ မည်သည့်အတွက်ကြောင့် သွားရောက်ပညာသင်ကြား သင့်ကြောင်းကို Mr. Gary Ong က လည်းကောင်း၊ ကျေးဇူးတင်စကားနှင့် နောက်ပြုလုပ်မည့် အစီအစဉ်များကို ဒေါ်စန်းစန်းဦးက လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

Shine ၏ ဝန်ဆောင်မှုများအနေဖြင့် Primary နှင့် Secondary ကျောင်းသားများ စင်ကာပူ၌ အဆောင်နေ၍ ပညာသင်ယူနိုင်ရန် စီစဉ်ပေးခြင်း၊ ကျောင်းသားများ၏ မိခင်တစ်ဦးစီ စင်ကာပူနိုင်ငံသို့ လိုက်ပါ အုပ်ထိန်းနိုင်ရန် စီစဉ်ပေးခြင်း၊ ကျောင်းသားမိခင်များအတွက် Parent Support Group များ ဖွဲ့စည်းပေးထားခြင်း၊ ကျောင်းသားများနှင့်သင့်လျော်မည့် ကျောင်းနှင့် ဘာသာရပ်ကို မှန်ကန်စွာရွေးချယ်နိုင်ရန် နွေးထွေးစွာ တိုင်ပင်ဆွေးနွေးအကြံပေးခြင်း၊ ကျောင်းလျှောက်ရန်လိုအပ်သော စာရွက်စာတမ်းများအတွက် ပြင်ဆင်ပေးခြင်း၊ ကျောင်းသားများအတွက် အင်္ဂလိပ်စာ ဝင်ခွင့်စာမေးပွဲ (Placement Test)ကို အခမဲ့ဖြေဆိုနိုင်ရန် စီစဉ်ပေးခြင်း၊ ကျောင်းသားများအတွက် အာမခံပေးခြင်း၊ ကျောင်းသို့ Application fees ၊ Tution Fees များပေးသွင်းရန်စီစဉ်ပေးခြင်း၊ ကျောင်းသားများအတွက် Student Visa နှင့် D.form လျှောက်ပေးခြင်း၊ လေယာဉ်လက်မှတ်စီစဉ်ပေးခြင်း၊ စင်ကာပူလေဆိပ်တွင် လာရောက်ကြိုဆိုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်နိုင်

အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက အမှတ် ၃၈/၄၀ ပထမထပ် ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် ဖုန်း-၃၉၃၀၄၁သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

ရွှံ့ရှီအထက စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူ

ဂန့်ဂေါမြို့နယ် ရွှံ့ရှီရွာအခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၃ရက် မွန်းလွဲပိုင်းက ရွှံ့ရှီအထက ဖူးပွင့်ဝေ စာကြည့်တိုက်၌ ကျင်းပရာ ရွှံ့ရှီအထက ကျောင်းသားဟောင်းများ လှူဒါန်းသော ငွေကျပ်တစ်သိန်းကို အလှူရှင်များကိုယ်စား မောင်သိန်းထွန်းအောင်က စာကြည့်တိုက်မှူး ဦးတင်ထွန်းထံ ပေးအပ်လှူဒါန်းသည်။ (၀၇၁)

မိုးကောင်းစည်ပင်သာယာ ပန်းအလှပင်စိုက်ပျိုး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ရက်က မိုးကောင်းမြို့ အောင်ဆန်းလမ်းဘေးဝဲယာတစ်လျှောက်၌ ပန်းအလှပင်မျိုးစုံ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(၀၀၁)**

ကောလင်း၌ စတုတ္ထအကြိမ် သက်ကြီးပူဇော်

ကောလင်းမြို့နယ် အိမ်တိုင်ပုံ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ၁၄ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဖွဲ့က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး အသက်(၈၀)အထက် သက်ကြီးအဘိုးအဘွားများအား ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကြကြောင်းသိရသည်။(၀၃၂)

မြင်းခြံခရိုင် ပြန်/ဆက်ဦးစီး စာပတ်ဝိုင်းကျင်းပ

မန္တလေးတိုင်း မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမတွင် အောက်တိုဘာ ၁၅ရက်က စာဖတ်ဝိုင်းကျင်းပရာ အကြီးတန်းစာရေး ဒေါ်ခင်သီတာဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်မှ အခန်း(၁)နိုင်ငံတော် အခြေခံမူများကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်တင်တင်ဝင်းက အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းပုံကိုလည်းကောင်း ဖတ်ကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာ သူရိယစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မြို့မရပ်ကွက်ရပ်ရှင်ရုံလမ်း၌ လူငယ်များ စုပေါင်းဖွင့်လှစ်သည့် သူရိယစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းနှင့် သူရိယစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲရန်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကန့်ဘလူ၌ စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက် မွန်းလွဲ ၁နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းအောင် အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀စီနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုငွေကျပ်၃၀၀၀၀ ပေးအပ်ချီးမြှင့်ကြသည်။ **(၀၂၇)**

တိုင်းမီးသတ်ဦးစီးဌာန၌ အခြေခံ အသက်ကယ် သင်တန်းဖွင့်

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ အခြေခံ အသက်ကယ်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ရက် ညနေ ၄နာရီက တိုင်းမီးသတ်ဦးစီးဌာန၌ကျင်းပရာ မီးသတ်ဦးစီးဌာန အထက်မြန်မာပြည်ကွပ်ကဲမှုရုံး ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးမင်းဆွေ တက်ရောက်သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (၀၉၀)

စာကြည့်တိုက်ဖွံ့ဖြိုးရေး တွန်းဇန်၌ ဆွေးနွေး

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် တွန်းဇန်မြို့နယ် ဆိုင်ပီးမွာလ်ကျေးရွာ စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျေးရွာနေပြည်သူများ စာဖတ်အလေ့အကျင့်ရရှိရေးနှင့် စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်

ပခုက္ကူခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်ရှင်မများတိုင်းရင်းဆေးဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၈ရက် နံနက်က ပခုက္ကူမြို့နယ် ရွှေချောင်းကျေးရွာအလက(၂)ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အမှာစကား ပြောကြားသည်။ (၀၇၀)

တောင်ငူ အထက(၄) မြတ်ဆရာပူဇော်ပွဲ

တောင်ငူမြို့ အထက(၄)(ယခင်ရှင်လုကာအထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို လာမည့် ဒီဇင်ဘာ၂၆ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက(၄)ပင်လုံခန်းမ၌ကျင်းပမည်ဖြစ်ရာ ဦးလှထွန်း ဖုန်း-၀၅၄-၂၅၃၅၂ နှင့် ဒေါ်ခင်နုနု ဖုန်း-၀၅၄-၂၃၅၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၈)**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Guan Mu ၊ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (အပေါ်ပုံ) (သတင်းစဉ်)

● ကျောဖုံးမှ

လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် နံနက်၁၀နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ကလည်း ဗိုလ်ချုပ်ကြီးသူရွှေမန်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

စက်ရုံမှထုတ်လုပ်သော အိမ်သုံးလျှပ်စစ်မီတာများ အဆင့်မြင့်နည်းပညာအခြေခံ၍ အရည်အသွေးပြည့်မီစွာထုတ်လုပ်ထား

ဈေးကွက်လိုအပ်ချက် တစ်နှစ်လေးသိန်း ပြည့်မီကျော်လွန်

နေပြည်တော် အောက်တိုဘာ ၂၇

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် အောက်တိုဘာ၂၅ရက် နံနက်၁၀နာရီတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်နှင့်အီလက်ထရွန်နစ်စက်ရုံ (တောင်ဒဂုံ)သို့ရောက်ရှိရာ စက်ရုံမှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း အိမ်သုံးလျှပ်စစ်မီတာများ ထုတ်လုပ်နေမှုကို ရှင်းလင်းတင်ပြသည်။

ပြည့်မီကျော်လွန်

ယင်းစက်ရုံမှ ထုတ်လုပ်သော အိမ်သုံးလျှပ်စစ်မီတာများသည် အဆင့်မြင့်နည်းပညာများကို အခြေခံ၍ အရည်အသွေးမီထုတ်လုပ်ထားပြီး တစ်ရက်လျှင် အိမ်သုံးမီတာအလုံး ၁၆၀၀ ထုတ်လုပ်မှုစွမ်းအားရှိကာ ဈေးကွက်လိုအပ်ချက် တစ်နှစ်လေးသိန်း ပြည့်မီကျော်လွန်စွာ ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

ဂရုပြုဆောင်ရွက်

ထို့နောက် ဝန်ကြီးက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးပိုမိုကောင်းမွန်စေရေး၊ ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ထုတ်လုပ်မှုအဟုန်တိုးတက်ကောင်းမွန်စေရေးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ လိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းပေးနိုင်ရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ယင်းနောက်ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်းရှိ ထုတ်လုပ်မှု ကျွမ်းကျင်လုပ်သားများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြား၍ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှု စက်ရုံ (ရန်ကုန်)သို့ ရောက်ရှိပြီး အကြီးစားမော်တော်ယာဉ်ထုတ်လုပ်မှု အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုအရှိန်အဟုန် တိုးတက်ကောင်းမွန်စေရေးနှင့် ထုတ်လုပ်နေသည့် (TE-21)မော်တော်ယာဉ်များ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျပ် ၂၀၀တန် ထီလက်မှတ်များ ဒီဇင်ဘာ ၁ရက်တွင် စတင်ရောင်းချမည်

ရန်ကုန် အောက်တိုဘာ ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအောင်ဘာလေ သိန်းဆုဌာနခွဲမှ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ရောင်းချပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ရက်တွင်ဖွင့်လှစ်မည့် (၂၄၀)ကြိမ်မြောက် အောင်ဘာလေ သိန်းဆု လက်မှတ်များကို တစ်စောင်လျှင် ကျပ် ၁၀၀အစား ကျပ် ၂၀၀ အဖြစ် စတင်ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စတင်ရောင်းချမည်

ထီအက္ခရာ အလုံး(၃၀) စတင်ရောင်းချသွားမည်ဖြစ်ပြီး အုပ်ရေများ အပြည့်အဝ ကုန်စင်အောင်ရောင်းချခဲ့ရလျှင် ကျပ် ၂၀၀တန် ထီလက်မှတ် တစ်ရွက်အနေဖြင့် ကျပ်သိန်း၁၀၀၀ဆု တစ်ဆု၊ ကျပ်သိန်း၅၀၀ဆု တစ်ဆု၊ ကျပ်သိန်း၃၀၀ဆု သုံးဆု၊ ကျပ်သိန်း၂၀၀ဆု ငါးဆု၊ ကျပ်သိန်း၁၀၀ဆု ၁၇ဆု၊ ကျပ်၁၀သိန်းဆု ၄၉၃ဆု၊ ကျပ်ငါးသိန်းဆု သုံးဆု၊ ကျပ်သုံးသိန်းဆု ၁၇၃ဆု၊ ကျပ်နှစ်သိန်းဆု ၁၅၉၃ ဆု၊ ကျပ်တစ်သိန်းဆု ၁၅၇၀၄ဆု စုစုပေါင်း ၁၇၉၉၃ ဆုရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်္ဂလာစုံတွဲ

အက္ခရာစုံအရွက် (၃၀)ပါ မင်္ဂလာစုံတွဲ တစ်တွဲသည် ပေါက်ခဲ့ပါက အက္ခရာနှင့် ဂဏန်းခြောက်လုံး အစဉ်လိုက်တူသော လက်မှတ်မှ ပထမဆုကျပ်သိန်း၁၀၀ရရှိပြီး ကျန် ၂၉စောင်မှ အက္ခရာလွဲပြီး ဂဏန်းခြောက်လုံး အစဉ်လိုက်တူသည့်အတွက် တစ်စောင်လျှင် ကျပ် ၁၀ သိန်းစီဖြင့် ၂၉စောင်အတွက် ကျပ်သိန်း၂၉၀ စုစုပေါင်း ကျပ်သိန်း၃၉၀ ရယူခံစားနိုင်မည်ဖြစ်သည်။

ဆုမဲအမျိုးမျိုး

ထီအကြိမ်တစ်ကြိမ်အတွင်း ထီလက်မှတ်တစ်စောင်တည်းဖြင့် ဆုမဲအမျိုးမျိုးပေါက်ခဲ့ပါက ပေါက်ခဲ့သော ဆုမဲများအားလုံး ခံစားခွင့်ရှိသည်။

စနစ်သစ်

ယခုစနစ်သစ်အရ ထီပေါက်ခဲ့ပါက အနည်းဆုံး ဆုငွေကျပ် တစ်သိန်းရရှိမည်ဖြစ်သည်။

ထုတ်ယူနိုင်

(၂၄၀)ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ ဆုငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)နှင့်အထက် ထီဆုငွေအားလုံးကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးမည်။ ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်ဆယ်သိန်း) နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့်လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ ရွှေပေါက်ကံမြို့ ပုဂံလမ်းရှိ အမှတ်(၄၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးစဉ်။

(မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရွှေပေါက်ကံမြို့ ပုဂံလမ်းရှိ အမှတ်(၄၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ကျန်းမာရေးစောင့်ရှောက်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ခင်မာအေး၊ မျက်စိ အထူးကုဆရာဝန် ဒေါက်တာ ဒေါ်နီလာသိန်းနှင့်သွားအထူးကုဆရာဝန် ဒေါက်တာ ဒေါ်သိမ့်သိမ့်သန်းဝေတို့က ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် စမ်းသပ် ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များက တတိယတန်းနှင့် စတုတ္ထတန်းစာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးအတွက် အသိပညာပေးစကား ပြောကြားကြသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ ကျောင်းခန်းမ၌ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှအတွင်းရေးမှူး ဒေါ်သန်းသန်းဝင်းက **"မြတ်နိုးဖွယ်ရာ"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အသိပညာရှင်၊ အတတ်ပညာရှင် ဒေါက်တာ ဒေါ်ကြည်ကြည်အောင်က **"အိုင်စီတီဖွံ့ဖြိုးမှုနှင့်လူငယ်များကဏ္ဍ"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၅၀ နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော အမှိုက်ပုံး ၁၀ပုံးနှင့် အမှိုက်အိတ် ၁၅၀တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်စန္ဒာအောင်တို့က ကျောင်းစာကြည့်တိုက်အတွက် သုတစာအုပ်များကို လည်းကောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်လတ်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

အနာဂတ်အလားအလာများနှင့် ဆီလျော်ကိုက်ညီသောအတတ်ပညာများနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာစေရန် ပညာစွမ်းအားဖြင့် ပြုစုပျိုးထောင်

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယ ဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်(အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်နှင့်ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည်အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းကသင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ပတ်သက်၍ မြင့်မားသည့် မျှော်မှန်းချက်များ ထားရှိပြီး အနှစ်သာရရှိရှိ တိုးတက်ပြောင်းလဲလာစေရန် စနစ်တကျ စီမံကိန်းများချမှတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်၏ ပညာရေးစနစ်မြှင့်တင်ရေး ကြိုးပမ်း ဆောင်ရွက်မှုများသည် ပညာရေး ရှုထောင့်သက်သက်မှဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ၏ ခေတ်နှင့် စနစ် ပြောင်းလဲတိုးတက်မှု အားလုံးမှာ ပညာရေးကို အရေးပါသည့်အခန်းကဏ္ဍတွင်ထားပြီး ပညာရေးနှင့် အပြန်အလှန် အကျိုးပြု တိုးတက်ဖြစ်ထွန်း လာစေရအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြုစုပျိုးထောင်

ယင်းမျှော်မှန်းချက်နှင့်အညီနိုင်ငံ၏ အနာဂတ်အလားအလာများနှင့်ဆီလျော်ကိုက်ညီသည့် စိတ်ဓာတ်၊ နည်းပညာ၊ အတတ်ပညာ၊ အရည်အသွေးများနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာစေရန် ယနေ့လူငယ်များကို ပညာရေးစွမ်းအားဖြင့် ကြိုတင်ပြုစုပျိုးထောင်ပေးကြရန် ဆရာ ဆရာမများကို ပထမဦးစွာမှာကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများတည်ဆောက်ရာတွင် တန်ချိန်မြင့် မော်တော်ယာဉ်များ၏ ဝန်ကိုခံနိုင်ရန် ရွံ့ညွှန်တောများကို ဖြတ်သန်းဖောက်လုပ်ရသည့်လမ်းမကြီးများအတွက် နည်းပညာသစ်များ သုံးနိုင်ရန်၊ ကျယ်ပြန့်သည့် မြစ်ကြီးများအတွက် ရှည်လျားသည့်တံတားကြီးများ တည်ဆောက်နိုင်ရန်စသည့် နည်းပညာလိုအပ်ချက်၊ ဗိသုကာ ဒီဇိုင်းလိုအပ်ချက်၊ အဆင့်မြင့် စက်ယန္တရားနှင့် လုပ်ငန်းသုံးပစ္စည်းများ လိုအပ်ချက်များသည် ပိုမို မြင့်မားလာလျက်ရှိကြောင်း။

ပိုမိုများပြား

စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် ဝန်ဆောင်မှု ကဏ္ဍတို့တွင်လည်း ခေတ်မီစီမံခန့်ခွဲမှု နည်းစနစ်များ၊ ကွန်ပျူတာကွန်ရက် စနစ်များ၊ အရည်အသွေးမြင့်မားသည့် ကျွမ်းကျင်မှုများ စသည့် ပညာရေးနှင့် သက်ဆိုင်သည့် လိုအပ်ချက်များ ပိုမို များပြားလာနေပြီ ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု အပိုင်းမှာဆိုလျှင်လည်း နိုင်ငံတကာ အခြေအနေနှင့် လျော်ညီစွာ ရာသီဥတုပူနွေးဖောက်ပြန်လာမှုကို လျှော့ချပေးနိုင်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး စသည့် ဦးတည်ချက်များဖြင့် ထုတ်လုပ်စေနိုင်မည့် နည်းပညာများ ပိုမို လိုအပ်လာလျက်ရှိကြောင်း။

နိုင်ငံတကာအဆင့်မီ

နိုင်ငံတကာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေး အဘက်ဘက်က တိုးမြှင့်ဆက်ဆံနေသည့်အလျောက်နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးတွင်အရေးပါသည့် အင်္ဂလိပ်စာဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေးပညာ ဘာသာရပ်၊ နိုင်ငံရေး သိပ္ပံဘာသာရပ်နှင့် နိုင်ငံတကာ စီးပွားရေး အဖွဲ့အစည်းများဆိုင်ရာ ဥပဒေပညာ စသည့် ပညာရပ်ပိုင်းဆိုင်ရာမှာ နိုင်ငံတကာအဆင့်မီ မြှင့်တင်ချဲ့ထွင် သင်ကြားပေးနိုင်ရန် လိုအပ်ကြောင်း။

အခြေခံပညာကဏ္ဍတွင်ကျောင်းသားကျောင်းသူလူငယ်များကိုပညာရေးအခြေခံကောင်းများရရှိအောင်၊ အတန်းအဆင့်ဆင့်အလိုက်အမှန်တကယ်သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးနိုင်ပါမှ အဆင့်မြင့်ပညာကဏ္ဍမှာပညာရပ်ဆိုင်ရာအလိုက်ထူးချွန်ပြောင်မြောက်အောင် ဆက်လက် လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့အကျိုး

ထို့အတူပင် ငယ်စဉ်ကပင် စိတ်ဓာတ်၊ အကျင့်စရိုက်နှင့် အလေ့အကျင့်ကောင်းများ စွဲမြဲရရှိစေရန် အခြေခံပညာကဏ္ဍမှာ လေ့ကျင့်ပျိုးထောင်ပေးလိုက်နိုင်ပါမှ အဆင့်မြင့်ပညာကဏ္ဍမှာ ထူးချွန်ထက်မြက်ပြီး နိုင်ငံ့အကျိုးကိုဆောင်နိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာမည် ဖြစ်ကြောင်း။

အဓိကအားဖြင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ ဝါသနာဗီဇ အလားအလာနှင့် အရည်အသွေးတို့ကို ဖော်ထုတ်မြှင့်တင်ပေးရင်း ပညာရေးအခြေခံကောင်းတွေကို တန်းစဉ်အဆင့်ဆင့်တွင် တိုးတက်ခိုင်မာ မြင့်မားလာစေရအောင် ပြုစုပျိုးထောင်ပေးနိုင်မှသာ ပညာရည်မြင့်မားထက်မြက်သည့် နိုင်ငံ့သူနိုင်ငံ့သားတွေ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

အလေးထားသင်ကြား

ထိုသဘောတရားနှင့်အညီ မိမိတို့ကြုံတွေ့ရသည့်ကျောင်းသူကျောင်းသားကလေးငယ်တိုင်းကိုဆင်းရဲချမ်းသာမရွေး၊ လူနေမှုအဆင့်အတန်းမရွေး၊ အသိဉာဏ်အနိမ့်အမြင့်မရွေး စေတနာတစ်ပြေးညီထားပြီး ကျောင်းသားတစ်ဦးချင်း၏ အခြေအနေနှင့် လျော်ညီစွာ အလေးဂရုပြု သင်ကြားပေးကြစေလိုကြောင်း၊ အထူးသဖြင့် အားနည်းသည့် ကလေးများအပေါ်မှာ ပိုမိုပြီး အလေးထား သင်ကြားပေးကြစေလိုကြောင်း။

နိုင်ငံတော် အကြီးအကဲ ကိုယ်တိုင် ချမှတ် လမ်းညွှန်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်မှာ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆိုသည့် အခြေခံလိုအပ်ချက်များအပြင် ကျေးလက်စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေး ဆိုသည့် လူနေမှုအဆင့်အတန်းနှင့် လူမှုအရည်အသွေး မြှင့်တင်ရေး အစီအမံများ ပြည့်ပြည့်စုံစုံ ပါရှိကြောင်းကို အားလုံး အမှတ်ရကြမည်ဖြစ်ကြောင်း။

တစ်ရှိန်ထိုးတိုးတက်

ယခုကဲ့သို့ ရည်မှန်းချက်ရှိရှိ အရှိန်အဟုန်နှင့် အာရုံစူးစိုက်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေးလက်ဒေသများ၏ လမ်းပန်း ဆက်သွယ်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေးနှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများ တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

ယင်းအခြေအနေမျိုးတွင် ကျေးလက်ရှိ အခြေခံပညာ ကျောင်းများ၏ ပညာရေး အရည်အသွေးကို မြှင့်တင်ပေးနိုင်သည်အမျှ ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ပိုရလာပြီး ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်သည်လည်း ပို၍ပို၍ ကျဉ်းမြောင်းပပျောက်သွားမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းကသင်တန်းသား စံပြဆုရ စစ်ကိုင်းတိုင်း မုံရွာပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း မူလတန်းပြ ကသအမှတ် အက်(ဖ်)-၁၅၀ ဦးဝင်းမင်းထွန်း၊ သင်တန်းသူစံပြဆုရ မကွေးတိုင်း မင်းတုန်းမြို့နယ် ဒေါင်းသမားလေးရွာ အခြေခံပညာ မူလတန်းကျောင်း မူလတန်းကျောင်းအုပ် ကသအမှတ် အေ-၁၄၆ ဒေါ်စုမ၊ သင်တန်းသားဖွဲ့လုံ့လဆု မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် လက်ာဒီပရွာ တွဲဖက် အခြေခံပညာ အလယ်တန်းကျောင်း မူလတန်းပြ ကသအမှတ် အက်(ဖ်)-၅၄ ဦးသန်းထွန်း၊ သင်တန်းသူ ဖွဲ့လုံ့လဆု မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းခွဲ အလယ်တန်းပြ ကသအမှတ်အေ-၁၀၂ ဒေါ်မြင့်မြင့်ကြူနှင့် မကွေးတိုင်း အောင်လံမြို့နယ် ဩလို့ရွာ အခြေခံပညာ အထက်တန်းကျောင်း အလယ်တန်းပြ ကသအမှတ် အေ-၁၂၂ ဒေါ်ညွန့်ညွန့်စိန်၊ စံပြအဆောင်ဆု အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင် (၈)နှင့် အမျိုးသမီး အမှတ်(၅)တပ်ခွဲ အဆောင် (၈)တို့မှ သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုသင်တန်းခေါင်းဆောင်များအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည်သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တက်ရောက်ခဲ့

အဆိုပါ သင်တန်းသို့ (အထက်မြန်မာပြည်) အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ၂၂၂ဦး၊ သင်တန်းသူ ဆရာမ၁၀၈၃ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၅ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း (ပန်ဆန်း) အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းအောင်သည် အောက်တိုဘာ ၂၃ရက် နံနက် ၈ နာရီတွင် ပန်ဆန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသော အခြေခံစက်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်းနှင့် အခြေခံအဆောက်အအုံ သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ အခြေခံစက်ပြင် သင်တန်းမှ သင်တန်းသား ၁၂ ဦး၊ အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်းမှ သင်တန်းသား ၁၂ဦးနှင့် အခြေခံအဆောက်အအုံသင်တန်းမှ သင်တန်းသား ၁၁ဦး စုစုပေါင်း သင်တန်းသား ၃၅ဦး တက်ရောက်ခဲ့ပြီး သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးအောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ အောက်တိုဘာ ၂၂ရက်မှ ၂၅ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့က ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။**

*** မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။**

*** အစဉ်ကျိုးချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။**

■ *ကျောဖုံးမှ*

ကင်ဆာရောဂါလက္ခဏာရှိ ကြွက်များကို ယင်းဗီဇပြုပြင်ထားသည့် ခရမ်းချဉ်သီးများကိုကျွေး၍ စမ်းသပ်ခဲ့ရာ ပုံမှန်အားဖြင့် ခရမ်းချဉ်သီး မကျွေးသည့် ကြွက်များထက် ကင်ဆာရောဂါဒဏ် ပိုမိုခံနိုင်စွမ်းရှိသည့် အချက်များ လေ့လာတွေ့ရှိခဲ့ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ပြောကြားသည်။

ကာကွယ်နိုင်

ယင်းလေ့လာတွေ့ရှိချက်သည် မိမိတို့ သုတေသနအဖွဲ့ မျှော်လင့်ထားသည်ထက် အစွမ်းထက် ထိရောက်မှုရှိကြောင်း အပင်ဇီဝဗေဒပညာရှင် မာတင်က ပြောကြားသည်။ ခရမ်းချဉ်သီးတွင် အောက်ဆီဂျင်ဓာတ်တိုးကိန်းကို လျှော့နည်းစေသည့် ဒြပ်ပေါင်းများ ပါဝင်သဖြင့် ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း ၎င်းသုတေသနပြု လေ့လာချက်တွင် ဖော်ပြသည်။

ကျန်းမာရေးကောင်းအောင် နည်းလမ်းများစွာဖြင့် နေထိုင်စားသောက်နိုင်ကြသော်လည်း လူအများစုမှာ သစ်သီးဝလံများကို လုံလောက်ပြည့်ဝစွာ စားသုံးမှု အားနည်းနေသေးကြောင်း အဆိုပါသုတေသနအဖွဲ့က ပြောကြားသည်။ *(အင်တာနက်)*

လက်ာနန်းက ကွက်စိပ်ခန်း

အောင်ပန်းဝေ (LL.B)

မိမိလူမျိုး၏ သုခုမအနုပညာရပ်တန်ဖိုးကို မြတ်နိုးသူတိုင်း၊ မိမိ လူမျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို မြတ်နိုးသူတိုင်း တောင့်တစောင့်မျှော် နေကြသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်၌ ကျင်းပလျက်ရှိသည်။

ယဉ်ကျေးမှုဟူသည် လူမျိုးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် သမိုင်း၏ အမွေအနှစ်တစ်ရပ်ပင်ဖြစ်ပေသည်။ လူမျိုး၏ မျိုးနွယ်ဆက်သည် သက်တမ်းအရ ချုပ်ငြိမ်းသွားသော်လည်း အသစ်ပေါ်ထွန်းလာသည့် မျိုးနွယ်ဆက်က မိဘဘိုးဘွားတို့၏ အမွေတစ်ရပ်အဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းခြင်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ဆက်လက် ရှင်သန်နေမည်သာ ဖြစ်ပေသည်။

ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်များကို မတိမ်ကော မပပျောက်စေရန်နှင့် တိုးတက်မှုဖြစ်ပေါ်စေရန် အုံနှင့်ကျင်းနှင့် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်နေမှသာလျှင် ရေရှည်တည်တံ့မှုရှိမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် မြန်မာ့ရိုးရာယဉ်ကျေးမှု တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုံနှင့်ကျင်းနှင့် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ပေသည်။

ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲစတင်ကျင်းပခဲ့ရာ၌ ပြိုင်ပွဲဝင်ဘာသာရပ် အနည်းငယ်သာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဇာတ်တော်ကြီးဘာသာရပ်၊ ရုပ်သေးကြိုးဆွဲ ဘာသာရပ်၊ ရုပ်သေး ဇာတ်တော်ကြီးတင်ဆက်မှုဘာသာရပ်၊ မယ်ဒလင် အတီးဘာသာရပ်၊ ဒုံမင်းအတီးဘာသာရပ်နှင့် အခြားသော အတီးဘာသာရပ်၊ အဆိုဘာသာရပ်၊ အကဘာသာရပ်များကိုလည်း တိုးချဲ့ယှဉ်ပြိုင်စေခဲ့ပေသည်။

ယင်းတို့တွင် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှစ၍ စာပြော၊ စာဟော ပညာရပ်ဖြစ်သည့် ကွက်စိပ်ဟောပြောခြင်း ဘာသာရပ်ကိုလည်း ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပေသည်။

ကွက်စိပ်ကို စာပြော၊ စာဟောဟူ၍လည်းကောင်း၊ ကွက်စိပ် ဟောပြောသည်ဟူ၍လည်းကောင်း ပြောဆိုသုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာမူ ရှေးဟောင်း ပုံပြင် စသည်မှ ဇာတ်ကောင်အမျိုးမျိုး၏ သရုပ်သကန်အား ကွက်စိပ်ဆရာ တစ်ဦးတည်းက အသံနေ အသံထားဖြင့် သရုပ်ဖော် ပြောဆိုခြင်းပင်ဖြစ်ပေသည်။ ကဗျာ၊ လင်္ကာ ကျွမ်းကျင်မှုရှိပြီး စကားဝေါဟာရ အသုံးအနှုန်း ကြွယ်ဝသူ ကွက်စိပ်ဆရာက ရှေးဟောင်းပုံပြင်၊ နိပါတ်၊ ဇာတ်တော်၊ ရာဇဝင်၊ မဟာဝင် တို့မှ ဇာတ်ကောင်အမျိုးမျိုး၏ ပုံဟန်သရုပ်ကို အသံနေ အသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော် ရွတ်ဆိုဟောပြောခြင်းပင် ဖြစ်ပေသည်။

ကွက်စိပ်နှင့် ပတ်သက်၍ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် "ကွက်စိပ်"ကို ရှေးဟောင်းပုံပြင်၊ ရာဇဝင်၊ သမိုင်းများကို နားဝင်ကောင်းအောင် အလွမ်းအသော ရောနှောလျက် ဟန်အမူအရာ၊ အသံနေ အသံထားဖြင့် ရွတ်ဆိုဟောပြောခြင်း၊ (တစ်ခါတစ်ရံ ဆိုင်းနှင့်တွဲဖက်လေ့ရှိသည်)ဟု အဓိပ္ပာယ်ဖော်ပြထားပေသည်။

သုတေသီပညာရှင်အချို့က မြင်စိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်များ၌ စာပေ၊ ကဗျာ၊ လင်္ကာများ ထွန်းကားသကဲ့သို့ အဆို၊ အက၊ အရေး၊ အတီး သုခုမပညာရပ်များတိုးတက်ခဲ့ကြောင်း၊ ရုပ်သေးသဘင် ပညာလည်း ပိုမို၍ အဆင့်အတန်း မြင့်မားလာခဲ့ကြောင်း စာဟော၊ စာရွတ်ခြင်းနှင့် ကွက်စိပ်ပညာရပ်သည်လည်း တစ်ပြိုင်တည်း ပေါ်ထွန်းလာခဲ့ကြောင်း သုံးသပ်တင်ပြကြသည်။

သုတေသီပညာရှင်အချို့ကလည်း စာပြော၊ စာဟော၊ ကွက်စိပ် ပညာရပ်သည် အင်းဝခေတ်ကပင် ပေါ်ထွန်းလျက်ရှိပြီဖြစ်ကြောင်းဆိုကြသည်။ အင်းဝခေတ်တွင် ထင်ရှားကျော်ကြားခဲ့သည့် ရှင်အဂ္ဂသမ္မာဓိ(၁၄၇၉-၁၅၅၂)ရေးသားစပ်ဆိုခဲ့သော သုဝဏ္ဏသျှံ သူ့ဌေးခန်းပျို့၌ "သီတာမယ်ထွေး၊ ရယ်ရေးခန်းရာ၊ မျောက်ဟနုမန်၊ကျမ်းဂန်အညီ၊ဒဏ္ဍာရီနှင့်"စသည်ဖြင့်ရာမာယဏဇာတ်တော်မှ ဇာတ်ဆောင်များ၏ပုံကိုစပ်ဆိုထားမှု အထောက်အထားများရှိကြောင်း၊ မြင်စိုင်း၊ အင်းဝ၊တောင်ငူ၊ညောင်ရမ်းခေတ်များ၌ စာပေ၊ ကဗျာ၊ လင်္ကာများ ထွန်းကားကြောင်း၊ စာဟော၊ စာရွတ်ခြင်းနှင့် ကွက်စိပ်များလည်း ပေါ်ထွန်းဖွံ့ဖြိုးခဲ့ပြီးဖြစ်ကြောင်း တင်ပြခဲ့ကြပေသည်။

ဘိုးတော်ဘုရားလက်ထက်တွင် မြဲတိုက်သံတော်ဆင့် ဇေယျသင်္ခယာဘွဲ့ခံမြဝတီမင်းကြီး ဦးစ၊ ရွှေတိုက်စိုး နေမျိုးရာဇသူဘွဲ့ခံ ရာမရကန် ဦးတိုးတို့ပါဝင်သည့်အဖွဲ့က ရာမ၊ ကြွနှာဝုဓခေါ် အီနောင်ဇာတ်တော်နှင့် သင်္ဘပတ္တ၊ ကေလာသီရိစသော ပုံပြင်ဇာတ်တော်များကိုမြန်မာဘာသာသို့ပြန်ဆိုခဲ့ကြသည်။ ဘာသာပြန်ဆိုပြီး ပုံပြင်ဇာတ်တော်များကို နန်းတွင်းတွင် ကပြဖျော်ဖြေနိုင်ရန် သင့်လျော်သည့် ဇာတ်ကွက်၊ ဇာတ်ညွှန်းများကို ရေးသားခဲ့ကြပေသည်။

ယင်းသို့သာမက ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်သည့် သထုံ၊ ပဲခူးနှင့် သန်လျင်မြို့များသို့ ရောက်ရှိလာကြသော အိန္ဒိယကုန်သည်များထံမှ အီနောင်ဇာတ်နှင့် ရာမဇာတ်တို့ကို ပုံပြင်များအဖြစ် စတင်ရင်းနှီး သိရှိခဲ့ကြရသည်။ ယင်းရာမဇာတ်(ပုံပြင်)ကို စာပြောဆရာတို့က ဟောပြောခဲ့ကြရာ ပရိသတ်များ ကြိုက်နှစ်သက်ကြကြောင်း သိရသည်။ ယင်းအထောက်အထားအရ ဘိုးတော်ဘုရားလက်ထက် ကာလကပင် စာဟောပညာသည် ပရိသတ်အတွင်း ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိနိုင်ပေသည်။

အထက်တွင် ဖော်ပြသကဲ့သို့ ဇာတ်စာပေများ၊ ပုံဝတ္ထုများကို နန်းတွင်းစာတော်ဖတ်များက ဖတ်ကြား၍ ဇာတ်ပွဲများအဖြစ်နှင့်လည်း နန်းတွင်းသူ၊ နန်းတွင်းသားများအား ကပြဖျော်ဖြေခြင်း၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်ဇာတ်ကြီးများကိုလည်း တင်ဆက်ကပြခဲ့ခြင်းကြောင့် ဇာတ်သဘင်များမှာ အဆင့်အတန်း မြင့်မားခဲ့ကြပေသည်။ တစ်နည်းအားဖြင့် ကွက်စိပ်(စာဟော) ပညာရှင်များ၏ ဆောင်ရွက်မှုကြောင့် မြန်မာ့ယဉ်ကျေးမှုသုခုမ အနုပညာသည် မြင့်မားလာခဲ့ကြောင်း ကောက်ချက်ချနိုင်ပေသည်။

ကွက်စိပ်ဟောပြောသူ ကွက်စိပ်ဆရာသည် စာပေနယ်၌ နှံ့စပ်သူများဖြစ်ကြပေသည်။ ငါးရာ့ငါးဆယ်၊ မဟာဝင်၊ ဗုဒ္ဓဝင်စသည့် ဇာတ်တော်ကြီးများကို နှံ့စပ်သိရှိပြီး ဇာတ်ထုပ်၊ ဇာတ်ကွက်များကို ကိုယ်တိုင်သီကုံးရေးဖွဲ့တတ်သူများဖြစ်ကြပေသည်။ ဇာတ်တော်များဟောပြောရာတွင် ဂီတ၊ ရတု၊ လင်္ကာ စသည်တို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ထည့်သွင်းသီဆိုတတ်သူများ ဖြစ်ပေသည်။ ထို့ပြင် ဟောပြောသည့် ဇာတ်တော်တွင်ပါရှိသည့် ဇာတ်ကောင်များ၏ ဟန်ပန်သရုပ်ကို နှုတ်ဖြင့် သရုပ်ဆောင်မှုပြုရာ အပြောအဆို၊ မာန်၊ ဠာန်၊ လေယူလေသိမ်း၊ အသံနေအသံထားတို့ကို နားလည်သဘောပေါက်သူများ ဖြစ်ကြပေသည်။

ထို့ကြောင့် သဘင်အနုပညာအခန်းကဏ္ဍနှင့်ပတ်သက်၍စာချိုးတစ်ခုတွင်-

"အငြိမ့်" မှာရှိန်၊ "ဇာတ်"မှာ သိန်ဟု
"ရုပ်" အိမ်ကို ဆောက်၊ ယိုင်ကိုလျှောက်ရ
တိုင်ဖောက်"လူရွှင်"၊ "စာ" ပလ္လင်ခန်း
ပုံပြင်မှတ်ကြား၊ ဇာတ်ကွက်များနှင့်

ဟု စပ်ဆိုထားပေသည်။ ယင်းစာချိုး၏အဓိပ္ပာယ်မှာ **"အငြိမ့်" ကရာတွင် ပရိသတ်စိတ်ဝင်စားလာမှုရှိအောင် အရှိန်ယူ၍ ကပြရသည်။ "ဇာတ်" ကရာတွင်မူ သိန်သရေ (ကျက်သရေ) ရှိရှိ ခံ့ခံ့ညားညား ကပြရသည်။ "ရုပ်သေး" ကပြရာတွင် ဇာတ်အိမ်ကို ခိုင်ခိုင်ဆောက်၍ ကပြရသည်။ လူရွှင်တော်များ ပြက်လုံးထုတ်ရာတွင် အတိုင်အဖောက်ညီညီ ရှိရမည်။ စာပြော(ကွက်စိပ်) ပြောဟောရာတွင်မူ ပုံပြင်ဇာတ်ထုပ်၊ ဇာတ်ကွက်များကို စာလင်္ကာများဖြင့် တန်ဆာဆင်၍ ဟောပြောတတ်ရမည်**ဟူ၍ စာချိုးထားခြင်းဖြစ်ပေသည်။

တစ်ခေတ်၊ တစ်ချိန် ကွက်စိပ်ပညာထွန်းကားစဉ်က ကွက်စိပ်ဆရာများကိုလည်း အခြားသော အဆို၊ အက၊ အရေး၊ အတီး သုခုမ ပညာရှင်များကဲ့သို့ပင် ပရိသတ်က ချစ်ခင်ခဲ့ကြသည်။ ရတနာပုံခေတ်တွင် မန္တလေးရွှေမြို့တော်၌ "စိန်၊ ဗေ၊ ရီ၊ ကြွယ်၊ ကျော့ ဘယ်တော့မှ မမုန်းနိုင်"ဟူသော စကားတစ်ရပ် ခေတ်စားခဲ့ဖူးလေသည်။ ဤစကား၏အဓိပ္ပာယ်မှာ ဇာတ်မင်းသားတွင် ဦးဖိုးစိန်၊ ဆိုင်းပညာရှင်များတွင် စိန်ဗေဒါ၊ ရုပ်သေးမင်းသားတွင် ဦးကြွယ်ကြီးနှင့် ဦးဘကျော့၊ ကွက်စိပ်ဟောဆရာတွင် ဆရာရီတို့အား ပရိသတ်က ဘယ်တော့မှ မမုန်းဟု ဆိုလိုပေသည်။

ကွက်စိပ်ဟောဆရာ ဆရာရီ နာမည်ကြီးသကဲ့သို့ ဆရာရီ၏ ဆရာဖြစ်သူ မောင်မောင်ဥမှာလည်း ရတနာပုံ မင်းတုန်းမင်းလက်ထက်တွင် နာမည်ကျော် ကွက်စိပ်ဟောဆရာတစ်ဦး ဖြစ်ပေသည်။ မောင်မောင်ဥနှင့်အပြိုင် နာမည်ကြီး သူမှာ ကွက်စိပ်ဆရာ ဆရာကျီးဖြစ်သည်။ မောင်မောင်ဥကို ပရိသတ်က နှစ်သက်ရခြင်းမှာ အပြောအဟောကောင်းခြင်း၊ စကားလုံးထိထိမိမိရှိခြင်း၊ ပြောလိုက်သည့်အရာကို ကြားနာရသူ၏ စိတ်တွင် မြင်လာအောင် ပြောဟောနိုင်ခြင်း၊ မိမိဟောပြောမှုဖြင့် ပရိသတ်အားထိန်းနိုင်ခြင်း၊ ကွက်စိပ်ကြားနာရသူ ပရိသတ်အား မိမိ ဟောပြောမှုနောက်သို့ပါလာအောင် ဆွဲဆောင်နိုင်ခြင်း၊ မိမိဟောပြောမှုအား ပရိသတ်ငြီးငွေ့မှု မရှိအောင် ဟောပြောနိုင်ခြင်း စသည်တို့ကြောင့် နာမည်ကျော်ကြားရခြင်းဖြစ်ပေသည်။

ရတနာပုံခေတ်တွင် မောင်မောင်ဥ၊ ဆရာကျီး၊ ဆရာဆန်းနှင့် ဆရာရီတို့ နာမည်ကြီးသကဲ့သို့ နောက်ပိုင်းကာလများတွင် နာမည်ကြီးသည့် ကွက်စိပ်ဟောပညာရှင်တို့မှာ-

ဒဂုန်ဆရာတင်၊ တောင်တွင်းကြီး ဒဂုန်ဆရာကျား၊ နေပြည်တော် ဆရာစံ၊ မဏ္ဍလာသောင်း၊ ဒဂုန်မြင့်၊ သီရိမင်္ဂလာဆရာတင်၊ မန်းဇရာ ဒဂုန်ဆရာထွန်း၊ ကျိုက်လတ်ဆရာကျော်၊ ဒဂုန်ဆရာညွန့်၊ ဒဂုန်ဆရာလင်း၊ ခေတ္တရာစိန်၊ နေပြည်တော်ဆရာကျား၊ ဒဂုန်ဆရာဝင်း၊ တွံတေး မင်္ဂလာဆရာရှိန်၊ ဓနုဖြူ ဆရာတင်၊ ဇေယျာထွန်း၊ မင်္ဂလာဆရာကြည်၊ ဧညဝတီဆရာသိန်း၊ ဘိုကလေး ဆရာလှ၊ ဟံသာဝတီဆရာရင်၊ ဒဂုန်ဆရာသိန်း၊ ဓနုဖြူဆရာသိန်း၊ ဝါးကြီးအိုင် ဆရာစံနှင့် ဆရာမော်ဝန်းဝေဖြိုးတို့ ဖြစ်ကြပေသည်။

ရာဟုလာ အမွေတောင်းခန်း ကွက်စိပ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးဇော်မှူး ပါဝင်ယှဉ်ပြိုင်စဉ်။

ကွက်စိပ်ဆရာတို့ ဟောပြောခဲ့သည့် ကွက်စိပ်တို့လည်း အများအပြားပင် ရှိသည်။ မဟာဗုဒ္ဓဝင်ဇာတ်ထုပ်ဆိုလျှင် မြန်မာ့အသံမှ အသံသွင်းယူ မှတ်တမ်းပြုထားပြီးဖြစ်ပေသည်။ ထို့အပြင် မင်းကုသကွက်စိပ်၊ ဒုဋ္ဌဂါမဏိကွက်စိပ်၊ ဇီဝကနှင့်ခန္ဓာပူရကွက်စိပ်၊ ဂုတ္တိလကွက်စိပ်၊ မဟော်သဓာကွက်စိပ်၊ ဝေသန္တရာကွက်စိပ်၊ အလောင်းတော် ဟသ်ာမင်းကွက်စိပ် စသည်တို့သည် ပရိသတ်အတွင်းထင်ရှားသည့် ကွက်စိပ်များအဖြစ် ကျန်ရှိနေပေသည်။ ယင်းကွက်စိပ် ဟောစာဖျားက စာများနှင့် ဟောပြောရွတ်ဆိုနည်းများကို ရုပ်သေးသဘင်နှင့် ဇာတ်သဘင်တို့ အတုယူခဲ့ကြရပေသည်။

> **ကွက်စိပ်ကို စာပြော၊စာဟောဟူ၍လည်းကောင်း၊ကွက်စိပ်ဟောပြောသည်ဟူ၍ လည်းကောင်း ပြောဆိုသုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာမူ ရှေးဟောင်း ပုံပြင်စသည်မှ ဇာတ်ကောင်အမျိုးမျိုး၏ သရုပ်သကန်အား ကွက်စိပ်ဆရာတစ်ဦးတည်းက အသံနေအသံထားဖြင့် သရုပ်ဖော်ပြောဆိုခြင်းပင် ဖြစ်ပေသည်။ ကဗျာ၊ လင်္ကာကျွမ်းကျင်မှုရှိပြီး စကားဝေါဟာရ အသုံးအနှုန်း ကြွယ်ဝသူ ကွက်စိပ်ဆရာက ရှေးဟောင်းပုံပြင်၊ နိပါတ်၊ ဇာတ်တော်၊ ရာဇဝင်၊ မဟာဝင်တို့မှ ဇာတ်ကောင်အမျိုးမျိုး၏ ပုံဟန် သရုပ်ကို အသံနေ အသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော် ရွတ်ဆို ဟောပြောခြင်းပင်ဖြစ်။**

ယင်းကဲ့သို့ စာပလ္လင်နန်းတွင် တခမ်းတနားရှိခဲ့သည့် ကွက်စိပ်ဟောပြောခြင်း ပညာရပ်သည် မှေးမှိန်ပျောက်ကွယ်ခဲ့ရပြီး ကွက်စိပ်ဟောပြောသည့် ပညာရှင်လည်း နည်းပါးသွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲမှစတင်၍ ကွက်စိပ်ဟောပြောခြင်း ဘာသာရပ်ကို ထည့်သွင်းကျင်းပပေးခဲ့ရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကွက်စိပ်ပညာရှင်များက တက်ကြွစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကွက်စိပ်ဝါသနာရှင်ပရိသတ်၏ အားပေးမှုကိုလည်း ရရှိခဲ့ပေသည်။

ယခု (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကွက်စိပ်ဟောပြောခြင်းဆိုင်ရာ ဘာသာရပ်အတွက် "ရာဟုလာ အမွေတောင်းခန်း" ဇာတ်ဝင်ခန်းအား ယှဉ်ပြိုင်ကြရပေသည်။

သို့ဖြစ်ပေရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအားလည်းကောင်း၊ ကွက်စိပ်ဟောပြောခြင်းဆိုင်ရာ ဘာသာရပ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ကွက်စိပ်ပညာရှင်တို့အားလည်းကောင်း ဂုဏ်ပြုလိုက်ရပါသည်။ ။

ကျွန်းသာယာဒေသဖွံ့ဖြိုးရေးကိုရှေးရှု၍ သန့်လေးသန့်ပညာပေးဖျော်ဖြေ စိတ်ခွန်အားဖြည့်ဆည်းပေးသဖြင့် ပြည်သူများပြုံးပျော်ရွှင်လန်း

သတင်းခရီးသည် - မော်ကျွန်းမြင့်အောင် (ပြန်/ဆက်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုအသိပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်စွမ်းဆောင်မှုတို့သည် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်လှုပ်ရှား ဆောင်ရွက်မှုမျိုးဖြစ်သဖြင့် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေပေသည်။ ဤသည်တို့မှာ ကောင်းမြတ်သော လူသားအကျိုးပြုမှုလုပ်ငန်းများ ဖြစ်ပေသည်။

မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဤလုပ်ငန်းရပ်များကို စွမ်းဆောင်ရန်အတွက် လူမှုအသိပညာဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်းမှ အဖွဲ့ဝင် ၅၀တို့သည် ရန်ကုန်မြို့မှ လိုက်ပါလာပြီး အောက်တိုဘာ ၁၁ရက် နံနက်စောပိုင်း ၄နာရီခန့်က ပုသိမ်သူ ရုပ်ပြေး ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိလာကြသည်။ သူတို့အားလုံးတွင် အစိမ်းရောင် စပို့ရှပ်ဝတ်စုံများကို ဝတ်ဆင်ထားကြပြီး စပို့ရှပ်နောက်ကျောဘက်တွင် 'နိုင်ငံသားတို့၏ အသိပညာဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်သည်' ဟူသော စာသားရေးသားထားသည်ကို တွေ့မြင်ရသည်။

ပုသိမ်သူ ဆိပ်ကမ်းတံတားဆိပ်တွင် သူတို့အဖွဲ့ လှုပ်လှုပ်ရှားရှားရှိနေကြသည်။ တက်တက်ကြွကြွ ရှိနေကြသည်။ ဘိုကလေးမြို့နယ် ကျွန်းသာယာအခြေစိုက်စခန်းသို့ ခရီးဆက် သွားရောက်ကြမည်ဖြစ်ရာ သူ့တာဝန်၊ ကိုယ့်တာဝန်၊ အခန်းကဏ္ဍအလိုက် သန့်လေးသန့် ပညာပေးဖျော်ဖြေရေး အစီအစဉ်များကို ကြိုတင်ဇာတ်တိုက်နေကြသည်။ သူတို့အဖွဲ့ထဲတွင် ရုပ်ရှင်အနုပညာရှင်များ၊ တေးဂီတပညာရှင်များလည်း လိုက်ပါလာကြသည်။ ဘက်စုံထောင့်စုံ စီစဉ်ထားကြသည်။

စာရေးသူတို့အဖွဲ့မှာ လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်း၏ ကူညီစီစဉ်မှုဖြင့် အောက်တိုဘာ ၁၁ရက် နံနက် ၆နာရီက ငွေကျွန်းသာ ပဲ့ထောင်ရေယာဉ်ဖြင့် ဘိုကလေးမြို့နယ် ကျွန်းသာယာအခြေစိုက်စခန်းသို့ သတင်းခရီးသည်အဖြစ် လိုက်ပါခွင့် ရရှိခဲ့သည်။

ကျွန်းသာယာသည် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ရေမြေထိစပ်နေသဖြင့် သွားလာဆက်သွယ်မှု လွယ်ကူပြီး ပဲ့ထောင်ရေယာဉ်ဖြင့်သွားလျှင် သုံးနာရီကျော်ခရီးမျှသာ ကွာဝေးသည်။ ကျွန်းသာယာသည် နာဂစ်မုန်တိုင်းကျရောက်စဉ်က မုန်တိုင်းဒဏ်ခံစားခဲ့ရသော ကျေးရွာအုပ်စုဖြစ်ပြီး အသက်အိုးအိမ် ထိခိုက်ပျက်စီးမှုများပြားခဲ့သော ကျေးရွာအုပ်စုလည်းဖြစ်သည်။

ငွေကျွန်းသာသည် သူ့တာဝန်အတိုင်း ရေလှိုင်းပြင်ပေါ်တွင် လျှောတိုက်၍ လိုရာခရီးသို့ ရှေးရှုပြီး ပြေးလွှားနေသည်။ ငွေသောင်ယံကျေးရွာ ရေယာဉ်မြစ်ကြောင်းတစ်လျှောက် နံနက်ခင်းအအေးဓာတ်နှင့်အတူ မိုးနှင်းမှုန်ကလေးများက ကျဆင်းနေသဖြင့် ချမ်းတစိမ့်စိမ့်ပင်၊ နှစ်နာရီခန့် ခုတ်မောင်းပြီးသောအခါ မှတ်တိုင်ကျေးရွာသို့ရောက်သည်။ မှတ်တိုင်မှ ခုနစ်စင်ငှူ ဖြတ်ကူးသည့် ကြက်ပြေးမြစ်မှာ ပင်လယ်ဝလေးတစ်ခုလိုပင် ကျယ်ပြောလှသည်။ ကမ်းတစ်ဖက်ရှိ စာဆွဲကျွန်းမှာ အဝေးတွင်မှုန်ပျပျ၊ ရေတက်ချိန် မြောက်လေပြန်သဖြင့် လှိုင်းလေက တဟုန်းဟုန်း လှိုင်းခေါင်းဖြူများက တဖွေးဖွေးပင်။

ကြက်ပြေးမြစ်ကြောအတိုင်း စုန်ဆင်းလာရာ နံနက် ၉နာရီတွင် ဇျက်လွဲကြီးကျေးရွာရောက်တော့ ကျွန်းသာယာ

ကျွန်းသာယာကျေးရွာမှ ကလေးငယ်များအား လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်းမှ အဖွဲ့ဝင်များက လက်သည်း၊ ခြေသည်း လှီးဖြတ်သန့်စင်ပေးပြီး သန့်လေးသန့် ပညာပေးဆွေးနွေးခဲ့ကြစဉ်။

ကျေးရွာကို လှမ်း၍မြင်နေရပြီ ဖြစ်သည်။ ကျွန်းသာယာက နာမည်ကလေးလှသည်။ သာယာသော ကျွန်းတစ်ကျွန်းဟု အဓိပ္ပာယ်ရပေသည်။ ယခုမူ ကျွန်းသာယာသည် သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် မှိုင်းမှိုင်းညို့ညို့ မရှိတော့၊ လူနေအိမ်များလည်း စည်စည်ကားကားသိပ်မရှိတော့ချေ။ သို့သော်လည်း ကျွန်းသာယာသားတို့မှာ ဖွဲနှင့်အားမာန် ထက်သန်ကြသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြသည်။ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုသော

စိတ်ဓာတ်ပြင်းပြကြသည်။ ထို့ကြောင့်လည်း ကျွန်းသာယာသည် အချိန်တိုကာလအတွင်း ရှန်းထနိုင်ခဲ့သည်။ ပြန်လည်တည်ဆောက်ထူထောင်နိုင်ခဲ့ကြပါသည်။

သူတို့ကျေးရွာသို့ လူမှုအသိပညာဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်းမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးမည်ဟု သတင်းကြားသိရသောအခါ သူတို့ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ ယခုတော့ သူတို့ဆန္ဒပြည့်ဝပါပြီ။ နံနက် ၉နာရီ ၁၀မိနစ်တွင် ကျွန်းသာယာသို့ စာရေးသူတို့အဖွဲ့နှင့်အတူ လူမှုအသိပညာဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအဖွဲ့ဝင်များ စုံစုံညီညီ ရောက်ရှိနေကြပြီဖြစ်သည်။

သူတို့အဖွဲ့သည် ကျွန်းသာယာ၌ အခြေစိုက်၍ အနီးပတ်ဝန်းကျင် ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သန့်လေးသန့်ဆိုင်ရာ အသိပညာပေး အစီအစဉ်များဖြင့် ပညာပေးဖျော်ဖြေခြင်းနှင့်အတူ စိတ်ခွန်အား ဖြည့်ဆည်းပေးကြမည်ဖြစ်သည်။

သူတို့အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြမည့် သန့်လေးသန့်ဆိုင်ရာ အသိပညာပေးအစီအစဉ်များမှာ ၁။ အနုပညာဖြင့်ပညာပေးဖျော်ဖြေခြင်း၊ ၂။ ကျန်းမာရေးအမူအကျင့်များကို ဆွေးနွေးဟောပြောသရုပ်ပြခြင်း၊ ၃။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများဖြန့်ဝေခြင်း၊ ၄။ သန့်လေးသန့်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ ၅။ ယင်လုံအိမ်သာ ဆောက်လုပ်ခြင်းတို့ ဖြစ်ပေသည်။

ထိုနေ့ ညနေ ၃နာရီတွင် အဖွဲ့နှစ်ဖွဲ့ခွဲပြီး အဖွဲ့တစ်ဖွဲ့က ကျွန်းသာယာ ကျေးရွာထဲဆင်းကာ စုရပ်အိမ်တစ်အိမ်တွင် လူစု၍ စနစ်တကျလက်ဆေးနည်း ပြသသည်။ သန့်လေးသန့်ဆိုင်ရာ ဇာတ်ကြောင်းဖြင့် ပုံပြောပြကြသည်။ အဖွဲ့တစ်ဖွဲ့ကမူ ကျွန်းသာယာ အခြေစိုက်စခန်းသို့ရောက်ရှိလာသော ကလေး၊ လူကြီးများအား ခြေသည်း၊ လက်သည်းလှီးဖြတ်ပေးပြီး အဖွဲ့ဝင်များက သန့်လေးသန့်ပညာပေး ဆွေးနွေးဟောပြောကြသည်။ အဖွဲ့ဝင်တချို့က ညပိုင်းတွင် တင်ဆက်ဖျော်ဖြေမည့် သန့်လေးသန့်ပြဇာတ်အတွက် ကြိုတင် ဇာတ်တိုက်နေကြသည်။

ထို့နောက် ညနေ၆နာရီတွင် ကျွန်းသာယာအခြေစိုက်စခန်း၌ သန့်လေးသန့်ဆိုင်ရာ အသိပညာပေးအစီအစဉ် စတင်ကြသည်။ ရှေးဦးစွာ လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးဆုတင်က သန့်လေးသန့် ပညာပေးဖျော်ဖြေရေး စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ရုပ်ရှင်အနုပညာရှင် အေဝမ်းသန်းထွဋ်နှင့်အဖွဲ့က သန့်လေးသန့် ပညာပေးဖျော်ဖြေရေးအစီအစဉ်များကို စတင်ကြသည်။

သန့်လေးသန့်ဆိုသည်မှာ ၁။ အစာသန့် ၂။ လက်သန့် ၃။ ရေသန့် ၄။ ပတ်ဝန်းကျင်သန့်(ယင်လုံအိမ်သာ)တို့ ပါဝင်ကြသည်။ ဖျော်ဖြေပွဲတွင် သန့်လေးသန့်တေးသီချင်းများကို အသင်းအဖွဲ့ဝင်များက တစ်ဦးလျှင် သီချင်းတစ်ပုဒ်ကျစီဖြင့် ဖျော်ဖြေပြီး ပွဲကို လှုပ်နှိုးလိုက်သည်။ သီချင်းစာသားများထဲတွင် သန့်လေးသန့်နှင့် ပတ်သက်၍ စပ်ဆိုထားသော သီချင်းစာသားများ ဖြစ်ပေရာ သီချင်းနားထောင်လိုက်ရုံမျှနှင့်ပင် အလိုလို သဘောပေါက်သွားကြသည်။ အထူးတလည် ရှင်းပြနေစရာ မလိုတော့ချေ။ ကျွန်းသာယာပရိသတ်မှာ တိတ်ဆိတ်ငြိမ်သက်လျက် တေးဂီတသံစဉ် တေးသီချင်းများကို ခံစားနားဆင်ရင်း စီးမျောလိုက်ပါသွားကြလေပြီ။

ထိုအချိန်တွင် အသင်းအဖွဲ့ဝင်တစ်ဦးက ကဗျာလေးတစ်ပုဒ်ဆိုပြမယ်၊ အားလုံးလိုက်ဆိုကြမယ်နော်။ ကဗျာလေးနာမည်က "လုံလုံလုံ"တဲ့ သီဆိုဖျော်ဖြေမည့်သူမှာ ဧပရယ်(လ်)လဝန်းဖြစ်သည်။ သူ့အသံနှင့် သူ့အမူအရာက လိုက်ဖက်လှသည်။ သရုပ်ပေါ်အောင် သီဆိုပြနိုင်သဖြင့် ပရိသတ်က သူနှင့်အတူ ပြုံးပျော်ရွှင်လန်းစွာ လိုက်ဆိုနေကြသည်။ အားလုံး ပျော်ပျော်ရွှင်ရွှင်ပင်။

"လုံလုံလုံ"ကဗျာလေးက ဤသို့ဖြစ်သည်။

ရေတွင်းလေးအဝေးပေ ၅၀
အိမ်သာလေးဒို့ဆောက်မယ်
ပလတ်စတစ်အိမ်သာခွက်ကို
အသုံးပြုလို့ဆောက်မယ်...
မစင်မှရောဂါမပြန့်ပွားအောင်
ဒို့တားဆီးကြမယ်
အနံ့ကင်းရှင်းသန့်ရမည်
ယင်လည်းလုံရမည် . . .
ယင်လုံရေးအလေးပေးဆောင်ရွက်မယ်
ပထမဆုံးပေါ့ကွယ်

လူမှုအသိပညာဖွံ့ဖြိုးတိုးတက်မှု ဝန်ဆောင်မှုအသင်းမှ အဖွဲ့ဝင်များ သန့်လေးသန့်ပြဇာတ်အတွက် ကျွန်းသာယာ အခြေစိုက်ခန်းမ အပြင်ဘက်တွင် ဤသို့ကြိုတင်ဇာတ်တိုက်ခဲ့ကြသည်။

အရှက်လည်းအရေးကြီးသေးတယ်
ဒုတိယပေါ့ကွယ် . . .
အနံ့ဆိုးကင်းဝေးနိုင်ရေးသည်
တတိယအရေးပေါ့ကွယ်
အစဉ်သတိပြုမှုကျန်းမာမယ်
မှတ်သားကြပေါ့ကွယ်...
ဆို . . .(လာပါပြီလိုက်လို့ဆို လိုက်လို့ဆို လုံလုံလုံလုံ
အိမ်တိုင်းစေ့တည်ဆောက်ကြပါ လုံလုံလုံလုံ)

ဧပရယ်(လ်)လဝန်းအလှည့်ပြီးတော့ အသင်းအဖွဲ့ဝင်တစ်ဦးက သန့်လေးသန့် သီချင်းတစ်ပုဒ်ကို စကားပြေစာသားဖြင့် မှတ်မိအောင် ထပ်မံဆိုပြသည်။ လိုက်ဆိုကြရန် နှိုးဆော်လိုက်သည်။ ကျွန်းသာယာပရိသတ်မှာ သူ့နောက်မှ သံပြိုင်ညီညာစွာဖြင့် လိုက်၍ဆိုကြသည်။

လက်ကိုစင်အောင် ဆပ်ပြာနဲ့ဆေးပါ . . .
သုံးတဲ့ရေဆို သန့်တဲ့ရေကိုသုံးပါ . . .
အစားအစာကို အဖုံးနဲ့အုပ်ထားပါ . . .
ပတ်ဝန်းကျင်သန့်ရှင်းအောင်
(ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲပါ) . . .

သူ့သီချင်းတစ်ပိုဒ်ချင်းကို အသင်းအဖွဲ့ဝင်များက သရုပ်ဆောင်ပြသကြသည်။ ကျွန်းသာယာပရိသတ်မှာ ကျန်းမာရေးအမူအကျင့်များကို ယခုမှ...မျက်ဝါးထင်ထင် တွေ့မြင်ကြရပါပြီ။ လိုက်နာကျင့်သုံးရန်သာ ရှိပါတော့သည်။

ဒုတိယပိုင်းအစီအစဉ်ကို သရုပ်ဖော်ပြဇာတ်များဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ အစာသန့်ပြဇာတ်၊ ရေသန့်ပြဇာတ်၊ လက်သန့်ပြဇာတ်နှင့် ပတ်ဝန်းကျင်သန့်ပြဇာတ်တို့ဖြင့် တင်ဆက်သရုပ်ဖော်ပြသကြသည်။ ကျွန်းသာယာ အခြေစိုက်စခန်းတွင် လေဘေးသင့်ပြည်သူများဖြင့် စည်ကားစိုပြည်နေသည်။ သန့်လေးသန့်ပြဇာတ်များက သူတို့အာရုံကို သိမ်းကျုံးညို့ယူ ဖမ်းစားထားလိုက်ကြသည်။ တိတ်ဆိတ်ငြိမ်သက်လျက်။ တစ်ခါတစ်ခါ အသင်းအဖွဲ့ဝင်များက ဟာသနှော၍ အရွှန်းဖောက်လိုက်သောအခါကျမှ သူတို့ရယ်မောသံများ၊ လက်ခုပ်သံများ အစီအရီပေါ်ထွက်လာသည်။ ကျွန်းသာယာအခြေစိုက် ခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းလျက်။

ည ၉ နာရီတွင် သန့်လေးသန့် ဖျော်ဖြေမှုအစီအစဉ် ပြီးဆုံးကြောင်း ကြေညာလိုက်သော်လည်း ပရိသတ်မှာ ပြန်မသွားကြသေး၊ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အေဝမ်းသန်းထွဋ် ဦးဆောင်သော အနုပညာရှင်များ၊ တေးဂီတပညာရှင်များ၊ အသင်း အဖွဲ့ဝင်များနှင့် တရင်းတနှီး မိတ်ဆက်စကား ပြောခွင့်ရကြသည်။ အနုပညာရှင်များနှင့် စကားလက်ဆုံ ပြောခွင့်ရကြခြင်းကိုပင် သူတို့ဖော်မပြနိုင်အောင် ဝမ်းသာအားရဖြစ်နေကြသည်။ ပြုံးပျော် ရွှင်လန်းနေကြသည်။

စာရေးသူလည်း အချိန်ရခိုက် လူမှုအသိပညာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုအသင်း ဥက္ကဋ္ဌ ဦးဆုတင်နှင့် တရင်းတနှီး တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

စာရေးသူ- ကျွန်းသာယာနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာတွေမှာ သန့်လေးသန့်ဆိုင်ရာ အသိပညာပေးမှာဆိုတော့ အဲဒီစီမံချက်ထဲမှာပါဝင်တဲ့ ကျေးရွာတွေလည်း သိချင်ပါတယ်၊ ပြောပြပေးပါဦး။

ဦးဆုတင်- သိရပါတယ်ဆရာ၊ အဲဒီကျေးရွာတွေကတော့ ဇျက်လွဲကြီး၊ ကြက်ပြေး၊ ခုနစ်စင်ငှူ၊သမာဓိ၊ နှာနှစ်ပေါက်၊ အာမခံ၊ စိန်တုံးလှည်း၊ ကြက်တညင်၊ ခါချဉ်ကျွန်း၊ ကန့်မလာ၊ ထိပ်ချောင်း၊ ညောင်ပိတ်၊ တရုတ်ချောင်း၊ သပေါ့ကျွန်း၊ ကျွဲတဲ၊ သခင်မ၊ ပွတ်လုံးတိုင်၊ ခိုင်ရွှေဝါ၊ ခေါင်းကြီးကျွန်း၊ သရော်ချောင်း၊ စာဉ၊ ကြက်သရေညဏ်ကွင်း၊ မုန်တိုင်းကြီး၊ ဒညင်းဖြူ၊ မုန်တိုင်းလေး၊ သဲဖြူ၊ ငပိချောင်းနှင့် ဘောဂဝတီတို့ ပါဝင်ပါတယ်။

စာရေးသူ- ကျွန်းသာယာအခြေစိုက်နဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေကို တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းများ ဖြန့်ဝေမယ့် အစီအစဉ်လေးလဲသိပါရစေ။

ဦးဆုတင်- ဖြန့်ဝေမယ့်ပစ္စည်းတွေကတော့ မိသားစုအလိုက် ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ ရေခွက်၊ အိမ်သာပိုက်၊ အိမ်သာခွက်၊ ရေပုံး၊ ဇလုံ စတဲ့ပစ္စည်းအမျိုးပေါင်း ၃၀ ကျော် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

စာရေးသူ- ဒါဆိုရင် ကျွန်းသာယာအခြေစိုက်နဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေပြီးရင် နောက်ထပ် ဘယ်မြို့နယ်ကို သွားရောက်ဖို့ အစီအစဉ်ရှိပါသလဲ၊ သိပါရစေ။

ဦးဆုတင်- ဒါကတော့ရှင်းပါတယ်၊ ကျွန်တော်တို့အသင်းက ဒေသလိုအပ်ချက်အရ လေဘေးသင့်ဒေသတစ်ခုဖြစ်တဲ့ မော်လမြိုင်ကျွန်းမြို့နယ်ကို သွားရောက်ဖို့ စိတ်ဝင်စားပါတယ်။သွားဖို့လည်းအစီအစဉ်ရှိပါတယ်။

ဟုတ်ကဲ့ပါဗျာ၊ အခုလိုဖြေကြားပေးလို့ ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်းခန်းပြီးတော့ အချိန်မှာ ည၉နာရီခွဲပြီဖြစ်သည်။ ကျွန်းသာယာ အခြေစိုက်စခန်းထဲသို့ တစိမ့်စိမ့်ကြိုတင်နေရာယူထားသော အအေးဓာတ်နှင့်အတူ ဆောင်းဦးလေပြည်က ဆော်သွေးလျက် အပြေးအလွှားမိတ်ဆက်နေသည်။ စာရေးသူတို့အဖွဲ့မှာ ကျွန်းသာယာတွင် တစ်ညတာရပ်နားပြီးနောက်၊ နောက်တစ်နေ့ နံနက် ၇ နာရီတွင် ကျွန်းသာယာကို လက်ပြနှုတ်ဆက်ရင်း ပြန်လည်ထွက်ခွာခဲ့သည်။

ကျွန်းသာယာခရီးစဉ် မြင်ကွင်းများသည်ကား ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုသည်သာမက သန့်လေးသန့်ပညာပေးဖျော်ဖြေမှုများဖြင့် ပြည်သူများ၏ စိတ်ခွန်အားကို ဖြည့်ဆည်းပေးနိုင်သည့် ပြုံးပျော်ရွှင်လန်းသာယာသော သတင်းခရီးအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

အဖွဲ့နှစ်ဖွဲ့ခွဲပြီး အဖွဲ့တစ်ဖွဲ့က ကျွန်းသာယာ ကျေးရွာထဲဆင်းကာ စုရပ်အိမ်တစ်အိမ်တွင် လူစု၍ စနစ်တကျလက်ဆေးနည်း ပြသသည်။ သန့်လေးသန့်ဆိုင်ရာ ဇာတ်ကြောင်းဖြင့် ပုံပြောပြကြသည်။ အဖွဲ့တစ်ဖွဲ့ကမူ ကျွန်းသာယာ အခြေစိုက်စခန်းသို့ ရောက်ရှိလာသော ကလေး၊ လူကြီးများအား ခြေသည်း၊ လက်သည်းလှီးဖြတ်ပေးပြီး အဖွဲ့ဝင်များက သန့်လေးသန့် ပညာပေးဆွေးနွေးဟောပြောကြ။

နိုင်ငံတော်သြဝါဒါစရိယ ကချင်ပြည်နယ် ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်

ဘဒ္ဒန္တဇဝန(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း ကသာမြို့နယ် မိုးတားကျေးရွာ ခမည်းတော် ဦးထွန်းပြည့်၊ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၇၃ခုနှစ် ကဆုန်လဆန်း ၅ရက်(အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၅ခုနှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကသာမြို့နယ် မိုးတားကျေးရွာ သရက်ပင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၂၉၂ခုနှစ် ဝါဆိုလဆန်း ၁၃ရက်တွင် မိုးတားကျေးရွာ မကျည်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ယင်းကျောင်းတိုက်ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးမြို့ ခင်မကန်တိုက် မိုးတားကျောင်းဆရာတော်၊ သူဋ္ဌေးကျောင်းဆရာတော်၊ စံကျောင်းဆရာတော်၊ ဆင်တဲတိုက်အုပ်ဆရာတော်၊ တောင်သမန်တိုက်ဆရာတော်၊ ချမ်းသာကြီးမြောက်တိုက်ဆရာတော်၊ လယ်တီဦးကောဝိဒဆရာတော်တို့အထံ၌ ပရိယတ္တိစာပေများကိုသင်ယူ၍ အစိုးရပထမလတ်တန်းနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အထက်တန်းကျမ်းစာကြီးများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၉ခုနှစ်တွင် ရွှေကူမြို့ မြို့မပရိယတ္တိ စာသင်တိုက်ကြီးကို စတင်တည်ထောင်ဖွင့်လှစ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းစသော အခြေခံကျမ်းစာများနှင့် ဓမ္မာစရိယစာချတန်းဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို နှစ်ပေါင်း ၄၀ကျော် သင်ကြားပို့ချခြင်း၊ မြစ်ဖျားဓရာ ဓမ္မဒေသနာ၊ ကာဗျမာလာဓမ္မဒေသနာ၊ အပ္ပမာဒမြတ်ဓမ္မစသော ကျမ်းစာများကို ရေးသားပြုစုတော်မူခြင်း စသည်တို့အပြင် ၁၃၁၄ခုနှစ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် တာဝန်ခံဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ၁၃၄၁ ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် မူလသံဃာ့ဝန်ဆောင်ဖဖေါ်ပါးတွင်လည်းကောင်း၊ ၁၃၄၂ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ တတိယအကြိမ် သက်တမ်းမှစ၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော် အစိုးရက ၁၃၅၀(၁၉၈၉)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ် တို့နှင့်ပြည့်စုံတော်မူ၍ ၁၃၆၃(၂၀၀၂)ခုနှစ်တွင် "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၈)နှစ်၊ သိက္ခာတော်(၇၉)ဝါအရ ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက် (၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၅ရက်) စနေနေ့ ည ၁၀နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဇဝန ပျံလွန်တော်မူ

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော် သြဝါဒါစရိယ ကချင်ပြည်နယ် ရွှေကူမြို့ မြို့မပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် သက်တော် (၉၈)နှစ်၊ သိက္ခာတော် (၇၉)ဝါရှိ ဘဒ္ဒန္တဇဝန (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်ဆရာတော်ကြီးသည်(၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော်၁၁ရက်) အောက်တိုဘာ ၂၅ရက် (စနေနေ့) ည၁၀နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ

နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးတိုးတက်မှုများလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၇

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လေ့လာရန်ရောက်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များနှင့် ဗဟိုနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဋ္ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရုပ်မြင်သံကြား ထုတ်လွှင့်မှု အစီအစဉ်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် သစ်တောရေးရာဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ရောက်ရှိကြပြီး ရှေးဦးစွာ ဆင်လိမ္မာပြကွက်၌ ဆင်လိမ္မာများက "ကြိုဆိုပါ၏ ဆိုင်းဘုတ်" ကို နှာမောင်းနှင့် မချီကာ ဂါရဝပြု နှုတ်ဆက်ခြင်းပြကွက်၊ အလံတင်ပြကွက်၊ တုံးပေါ်နောက်ထိုင်ပြကွက်၊ ဒလိမ့်လိမ့်၍ သွားခြင်းပြကွက်နှင့် သစ်တုံးပေါ်မှ လမ်းလျှောက်ပြခြင်း ပြကွက်တို့ကို ကြည့်ရှုလေ့လာ အားပေးကြသည်။

ပြကွက်များ

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ခွေးအ ပြကွက်၊ တောခွေးကျွန်း၊ သမင်ပြကွက်၊ ကျားဖြူပြကွက်၊ ဝက်ဝံပြကွက်၊ ငှက်ကျွန်းပြကွက်၊ ယုန်သမင်ပြကွက်၊ ရေပျော်ငှက်များပြကွက်၊ ပင်ဂွင်ငှက် ပြကွက်နှင့် မြွေပြကွက်များကို လိုက်လံကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဝန်ထမ်းအိမ်ရာများ၊ နေပြည်တော်မြို့မဈေးနှင့် အဆင့်မြင့်ဈေးများနှင့် နေပြည်တော်၏ သာယာလှပသော ရှုခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

သွားရောက်အပန်းဖြေ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငလိုက်အပန်းဖြေစခန်းသို့ သွားရောက်အပန်းဖြေကြပြီး ငလိုက်ရေလှောင်တမံကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ရေပန်းအလှဆင်ထားမှုနှင့် ပန်းမန်များ စိုက်ပျိုးထားမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲသို့ လေ့လာရန်ရောက်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့မှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များ၊ ဗဟိုနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ ငလိုက်ရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးနှင့် ပညာသင်ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်ပြည့် သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများသို့ ချီးမြှင့်သည့် ထောက်ပံ့ငွေအား ကာယကံရှင်များထံ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၁နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) နှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် ဗဟိုဌာနချုပ်မှ ထောက်ပံ့ချီးမြှင့်သည့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀စီဖြင့် လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည့်အပြင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှလည်း ဂုဏ်ထူးရှင်ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားတို့ကိုလည်းကောင်း၊တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ (ဂုဏ်ထူးမပါ)များအား ငွေသားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

(၅၆၁)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

FifPro အကောင်းဆုံး ဘောလုံးသမားဆု

စီရိုနယ်ဒို ဆွတ်ခူးရရှိ

မြန်မာ့အလင်း ဖောင်ပိတ် အားကစားသတင်း



လန်ဒန် အောက်တိုဘာ ၂၇

မန်ချက်စတာယူနိုက်တက်နှင့် ပေါ်တူဂီကြယ်ပွင့် စီရိုနယ်ဒိုသည် ဖစ်ပရို (FifPro)အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ (ယာပုံ)

စီရိုနယ်ဒိုသည် အဆိုပါအကောင်းဆုံး ဘောလုံးသမား ဆုကို အခြားသော ထိပ်တန်းဘောလုံးသမား ၅၄ဦး ပဏာမ ရွေးချယ်ခဲ့သူများအနက် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

အဆိုပါအကောင်းဆုံးဘောလုံးသမားဆုကို ကမ္ဘာတစ်ဝန်းမှကြေးစားဘောလုံးသမားများကဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုသည် ပြီးခဲ့သော ဘောလုံးရာသီက မန်ယူအတွက် စုစုပေါင်း ၄၂ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

စီရိုနယ်ဒိုသည် မန်ယူနောက်တန်း ကစားသမား ဖာဒီနန်နှင့်အတူ ဖစ်ပရို (Fifpro)၏ အကောင်းဆုံးဘောလုံးအသင်း ကစားသမားအဖြစ်လည်း ရွေးချယ်ခံခဲ့ရသည်။

ကမ္ဘာတစ်ဝန်းမှ ကြေးစားဘောလုံးသမားများက မိမိအား အသိအမှတ်ပြု ဂုဏ်ပြုခဲ့သည့်အတွက် အတိုင်းမသိ ဂုဏ်ယူ ဝမ်းမြောက်မိကြောင်း အသက် ၂၃နှစ်ရှိ စီရိုနယ်ဒိုက ပြောကြားသည်။

(အင်တာနက်)

28-10 (12).pmd 1 10/28/2008, 2:14 AM

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မိုးကုတ်မြို့အနောက်ပိုင်း၊ ကျပ်ပြင်၊ အောင်သုခရပ်၊ သ/၄၀၈နေ
ဦးကျော်မြင့်-ဒေါ်ငွေးစီတို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးထွန်းထွန်းလွင်
B.E(Electronics)(DSTA),ME(Radio Electronic)(MAI)
ပင်မဆက်သွယ်ရေးအလုပ်ရုံ နှင့်
မန္တလေးမြို့၊ ကျွဲဆည်ကန် ၈လမ်း၊ စ-၆၉နေ
ဗိုလ်မှူးတင်ဦး(ကော်မတီဝင်၊မန္တလေးစည်ပင်သာယာရေးကော်မတီ)(ငြိမ်း)-
ဒေါ်တင်တင်နွဲ့တို့၏ သမီးထွေး
မရှိန်းသော်တာဦး(ခ)ချစ်တာ
B.Sc(Phys:)(Hons:) B.C.Sc(Hons:)M.C.Sc
လက်ထောက်ကထိက၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာသင်တန်းဌာန၊
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
တို့သည် ၂၄-၁၀-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးထွန်းထွန်းလွင်-မရှိန်းသော်တာဦး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်-၁၈ 3F(A) သတိပဋ္ဌာန်လမ်းနေ
ဦးစံလှကျော်(စံကျူရှင်)-ဒေါ်မခင်စိုး(ခ)စုစုတို့၏သားကြီး
မောင်ကျော်သစ်ဦး **B.A(Myanmar)**
နှင့်
ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်-၃၃၊ 3F(B) ၁၅၃လမ်းနေ
(ဦးဦးသိန်းမောင်)အထက(၄)မင်္ဂလာတောင်ညွန့်(ငြိမ်း) အထက်တန်းရှေ့နေ-
ဒေါ်နုနုအေး(အထပြ၊ထ-၁၊ သန်လျင်၊ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး
မအေးသန္တာမောင် **B.Sc(Physics)**
Manager, Octagon International Co.,Ltd.
တို့သည် နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်၌ ၂၆-၁၀-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သစ်ဦး-မအေးသန္တာမောင်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၁၈)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက် ပြိုင်ပွဲကျင်းပမည်

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၈)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (၁၁-၁၁-၂၀၀၈ရက်) အင်္ဂါနေ့ ညနေ၄နာရီတွင် ကျင်းပမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့(၁၂-၁၁-၂၀၀၈ရက်) ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်တွင် ကျင်းပမည်ဖြစ်သည်။ ရက်ကန်းရက်ပြိုင်ပွဲကို စင်တော်ကြီး၁၀စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆု ငွေကျပ်တစ်သိန်းအပါအဝင်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ရွှေဘုန်းပွင့်စေတီတော်။



ဥတုရာသီ တောကိုမို၏

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်း တောင်တွင်းကြီးမြို့ ရွှေကြာအင်း ၂၊ပိတောက်လမ်း အမှတ် ၁၇၁နေ ဦးမြင့်ဇော်၏သား မောင်သီဟလင်းသည် မိဘများအား အရှက်ရစေခြင်း၊ စိတ်ဆင်းရဲစေခြင်း၊ အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ပြဿနာ အရှုပ်အရှင်း တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးမြင့်ဇော် ၇/ပမန(နိုင်)၀၀၀၀၃၆
ဒေါ်စန်းဝင်း ၈/တတက(နိုင်)၀၉၅၉၈၇။

မူခင်းကျူးလွန်ဆင်းရေး အသိပညာပေး ကမာရွတ်နှင့် လှိုင်၌ ဟောပြော

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်၊ ကမာရွတ်မြို့နယ် မူခင်းကျူးဆင်းရေး ရက်သတ္တပတ် ပူးပေါင်းဆောင်ရွက်မှု မူခင်းအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယမန်နေ့က အထက(၁) လှိုင်၌ ကျင်းပရာ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦး **(အပေါ်ပုံ)**နှင့် အနောက်ပိုင်းခရိုင် တရားသူကြီးတို့က မူခင်းအသိပညာပေး ဟောပြောကြသည်။

တက်ရောက်

အခမ်းအနားသို့ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်တင်၊ လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူး တင်ဝင်း၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ရွှေမန်း၊ (လှိုင်-ကမာရွတ်မြို့နယ်) တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။ **(၁၂၈)**

Lucky Bird Co., Ltd.၏ Center II နေရာအသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် IT Show ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

Lucky Bird Co., Ltd. (Supplier of Computer need.) ၏ ရန်ကုန်မြို့တွင်း ဒုတိယမြောက် Lucky Bird Center II ကို အမှတ် ၃၅၁ အခန်း၁၀၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ နေရာသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် IT Show ပြပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါနေရာ၌ ကျင်းပသည်။

စိတ်ဝင်စားဖွယ်

Lucky Bird ၏ IT Show နှင့် အထူး Discount အစီအစဉ်တွင် ကွန်ပျူတာတစ်စုံ ဝယ်ယူသူများအား Toshiba တံဆိပ် 1 GB Pendrives များ လက်ဆောင်ပေးခြင်း၊ ငွေကျပ် ၁၀သိန်း အထက် ဝယ်ယူသူများအား ငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိ City Mart Gift Voucher များ လက်ဆောင်ပေးခြင်းနှင့် လာရောက် ကြည့်ရှုသူများအား ကွန်ပျူတာဖြင့် ဗလာမပါကံစမ်းခြင်း အစီအစဉ်များ အပါအဝင် စိတ်ဝင်စားဖွယ် ပြသထားသည်။

နောက်ဆုံးပေါ် ITနည်းပညာအသစ်အဆန်းများကိုလည်း အထူး Discount အနေဖြင့် သုံးရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ လျှော့ချပေးလျက်ရှိသည်။ နောက်ဆုံးပေါ် IT နည်းပညာများကို လေ့လာလိုသူများ အနေဖြင့် ပိုင်ရှင်၏မျက်နှာပြရုံနှင့် Log On ဝင်နိုင်သော Notebook များ၊ လက်လှုပ်ရှားမှုဖြင့် Mouse မသုံးဘဲ ရွေ့လျားနိုင်သော Notebook များ၊ မိမိပြသလိုသော မည်သည့်အရာဝတ္ထုမဆို Document Camera ဖြင့်ချိတ်ဆက်၍ ရုပ်သေဓာတ်ပုံ၊ ရုပ်ရှင် Movies များကို ပိတ်ကားပေါ်တွင် ပြသနိုင်သော Document Camera ပါဝင်သော Projector များ၊ Network ပစ္စည်းများ၊ Printer များ၊ Scanner များ၊ IT ပစ္စည်းအသစ်အဆန်းမျိုးစုံကိုလည်း ဗဟုသုတရဖွယ် လေ့လာနိုင်သည်။

IT Show နှင့် အထူး Discount ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း အစီအစဉ်ကို အောက်တိုဘာ ၁၅ရက်မှ နိုဝင်ဘာ ၁၅ရက်အထိ တစ်လတိတိ Lucky Bird Co.,Ltd. (Supplier Computer need) ရှိရာ ရန်ကုန်ရုံးချုပ် အမှတ်၃၅၅ သိမ်ဖြူလမ်း ဖုန်း-၂၄၈၁၆၇၊ ၃၇၉၈၇၅နှင့် ရန်ကုန်(Center-II) အမှတ်၃၅၁ အခန်း ၁၀၃ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၉-၉၉-၂၄၅၄၄၊ မန္တလေးရုံး အမှတ် ၅၊ ၂၆(ဘီ)လမ်း ၇၈လမ်းနှင့် ၇၉ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံးအမှတ်၁၂ ရန်ကုန်-မန္တလေး လမ်းမကြီး ဆင်ရတနာရှေ့ နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၃၁၉၀ တို့တွင် ဝယ်ယူလေ့လာ ဗဟုသုတရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်ရေပေးရေး စက်ရေတွင်းတူးဖော်

ဘုတလင် အောက်တိုဘာ ၂၇

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ရွေးချယ်ထားသော မြောက်ကျီကျေးရွာအား နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁ရက်တွင် အမှုဆောင်အရာရှိဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာတာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ပြောဆိုသူအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၄ရက် ည ၆နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ အမျိုးသားတစ်ဦးမှ တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ "မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ခိုင်ဖြိုးရုံးနှင့် ရဲစခန်းတို့ကို ဒီနေ့ည ဗုံးခွဲမယ်"ဟု ခြိမ်းခြောက်ပြီး ညစ်ညမ်းစွာ ဆဲဆိုခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ

အဆိုပါသတင်းကို ရလျှင်ရချင်း ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပန်းဘဲတန်းရဲစခန်းတို့မှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခဲ့ရာ ပြည်သူလူထု၏ ကူညီသတင်းပေးမှုဖြင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ခြိမ်းခြောက်ခဲ့သူမှာ ရာစင်(ခ)တင်မြင့် (၄၁)နှစ်(ဘ) ဦးဒါဝတ် အမှတ် ၁၂၄ လမ်း၃၀ အမှတ်၇ရပ်ကွက် ပန်းဘဲတန်း မြို့နယ်နေသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းနေ့ ည ၉နာရီ၁၀မိနစ်တွင် ၎င်းအား ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ဖမ်းဆီးရမိသူ ရာစင်(ခ)တင်မြင့်အား စစ်မေးရာ တယ်လီဖုန်းဖြင့် ပန်းဘဲတန်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဆက်သွယ်ခြိမ်းခြောက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ၎င်းအား ပန်းဘဲတန်းရဲစခန်းမှ (ပ)၂၇၈/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၂၉၄/၅၀၅(ခ)/၅၀၆ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**"နိဗ္ဗာန်လမ်းညွှန်"** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရ)
၈း၀၅-၂း၀၅	Activities in the City (ကျောင်းကျန်းမာရေးဟောပြောပွဲ၊ အဘိဓမ္မာစာအောင်ပြန်ပွဲ၊ Kalforn ဆေးဝါးမိတ်ဆက်)
၈း၂၀-၂း၂၀	Sunday Talk
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	ထူးလှသည့်ရောင်ခြည်များနှင့် ရှင်စောမြတ်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	Cartoon Show Time (Monster House)
၁၀း၃၅-၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊မျိုးစန္ဒီကျော်၊တက္ကသိုလ်ဝွမ်းပုံ)
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	သာသနာအတွက်လျှောက်လှမ်းရသောလမ်းခရီးဝယ် [ဒေါက်တာချစ်ငယ် (ဒဿန)Ph. D]
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	မင်္ဂလာပန်းစံပယ်၏ ဒိုင်ယာရီ
၁၂း၁၀-၆း၁၀	Music Gallery (တင်ဆက်သူအကြိုက်တေးသီချင်းများစုစည်းမှု)
၁၂း၃၀-၆း၃၀	ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း-၂)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	ဂုံညင်းတန်းတံတား
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၅	နယူးကာဆယ်-ဝက်စ်ဘရွန်း(ပွဲစဉ်-၁၀)	ESPN /STAR SPORTS (Live)

စစ်ကိုင်းတိုင်း မြောင်မြို့ သစ္စာလမ်း ကတ္တရာခင်း

မြောင် အောက်တိုဘာ ၂၇

စစ်ကိုင်းတိုင်း မြောင်မြို့ မြောက်ရပ်ကွက် သစ္စာလမ်း ကတ္တရာခင်းခြင်းကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ သစ္စာလမ်း အရှည်ပေ ၃၄၀ကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၇ သိန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ပဲခူးမြို့ ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပဲခူး အောက်တိုဘာ ၂၇

ပဲခူးမြို့သူ မြို့သားများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကန်တော်ကြီးရေလှောင်ကန်အား ကလိုရင်းဆေးခတ်ခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ ပိုက်လိုင်းအသစ်များ အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုက အောက်တိုဘာ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လက်ထောက်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမေရိကန်သမ္မတ ရွေးကောက်ပွဲအကြို

သတင်းအက်ဆေး

အမေရိကန်နိုင်ငံမှ အဓိကပါတီကြီးနှစ်ရပ်က ပါတီကိုယ်စားပြုသမ္မတလောင်း နှစ်ဦးကို ဩဂုတ်လကုန်နှင့် စက်တင်ဘာလဆန်းကပင် ရွေးချယ်ပြီး အပြိုင်စည်းရုံး လှုပ်ရှားလာသည်မှာ ယခုအခါ သမ္မတရွေးကောက်ပွဲ ပါဝင်ဆင်နွှဲရန် အချိန်အားဖြင့် ရက်သတ္တပတ်ခန့်သာ လိုပေတော့သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၄ရက် (အင်္ဂါနေ့)တွင် ကျင်းပတော့မည် ဖြစ်သည်။

ထိုနေ့ထိုရက်တွင် ၄၄ဦးမြောက် အမေရိကန်သမ္မတကို ရွေးချယ်တင်မြှောက်မည်။ တစ်ချိန်တည်းမှာပင် အမေရိကန်အောက်လွှတ်တော် အမတ်အားလုံး၊ အထက်လွှတ်တော် အမတ်သုံးပုံတစ်ပုံ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ၁၁ဦးစသည်တို့အား ရွေးချယ်တင်မြှောက်ကြရမည် ဖြစ်သည်။

အိုဘားမား

ဂျွန်မက်ကိန်း

ယခုနှစ်သမ္မတရွေးကောက်ပွဲတွင် အဓိကအားဖြင့် ဒီမိုကရက်တစ်ပါတီမှ အိုဘားမား နှင့် ဂျိုးဘိုင်ဒင်တို့က သမ္မတလောင်း ဒုတိယသမ္မတနေရာအတွက် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းနှင့်မီးစ်ဆာရာပါလင်တို့က သမ္မတနှင့် ဒုတိယသမ္မတနေရာအတွက် ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ထို့ပြင် လက်ဘာတေးရီယန်းပါတီ၊ ဂရင်းပါတီ၊ ကွန်စတီကျူးရှင်းပါတီတို့မှ ကိုယ်စားလှယ် သမ္မတလောင်းများနှင့်တကွ၊ တစ်သီးပုဂ္ဂလ သမ္မတလောင်းဖြစ်သူ ရောဖ်ရာဒါသည်လည်း ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၄ခုနှစ်များကဲ့သို့ပင် ယခုနှစ် ဝင်ရောက်ယှဉ်ပြိုင်ဦးမည်ဖြစ်သည်။

ပြန်လည်ယှဉ်ပြိုင်

၁၉၅၁ခုနှစ် (၂၂)ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ သမ္မတအဖြစ် လေးနှစ်သက်တမ်း နှစ်ကြိမ်သာဆက်၍ ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ထို့ကြောင့် သမ္မတဘုရှ်မှာ သမ္မတသက်တမ်း နှစ်ကြိမ်ဆက်တိုက် တာဝန်ယူပြီးသူဖြစ်၍ သမ္မတ ရွေးကောက်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်မရှိပေ။

အဓိက ပါတီကြီးနှစ်ရပ်အနက် မည်သည့်ပါတီက ပိုမိုအခွင့်သာနိုင်သနည်း။

မဲဆန္ဒရှင်ပြည်သူအများစုသည် ရီပတ်ဘလီကင်သမ္မတ ဂျော့ဒဗလျူဘုရှ်ရာထူးအပေါ် အထင်သေးသည်။ ထို့အပြင် စီးပွားရေး အခြေအနေမှာလည်း အားရစရာမကောင်းသည့် အတွက် ဒီမိုကရက်တို့ ဤရွေးကောက်ပွဲတွင် အသာစီးရမည့် အလားအလာရှိသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်း (၂၀၀၇ခုနှစ်၊အောက်တိုဘာလ)က ထုတ်ပြန်သည့် ပူးသုတေသနဌာန၏ ရေရှည်အလားအလာ စူးစမ်းလေ့လာချက်အရ သမ္မတဘုရှ်အပေါ် ပြည်သူ့ထောက်ခံမှုမှာ ပြီးခဲ့သည့် လေးနှစ်က ၅၀ရာခိုင်နှုန်းရှိရာမှ ထိုအချိန်တွင် ၃၀ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ဆို၏။ ထို့ပြင် ပါတီဆက်သွယ်စည်းရုံးရေးနှင့် စပ်လျဉ်း၍ ဒီမိုကရက်တို့က ရီပတ်ဘလီကင်များထက် တစ်ပန်းသာမှုမှာ လွန်ခဲ့သည့် လေးနှစ်ကထက် ယခုအခါ မည်မည်ရရ ပိုမိုကြီးမားလာရုံမက လွန်ခဲ့သည့်အနှစ် ၂၀အတွင်းတွင် စံချိန်တင် မြင့်မားသည်ဆို၏။

ဒီမိုကရက်တို့ ကြီးစိုးသည့် အမေရိကန်ကွန်ဂရက်မှာ သမ္မတဘုရှ်အား ပြည်သူ ထောက်ခံမှု ကျဆင်းသည်ထက်ပင် ထောက်ခံမှုပိုမို မရပေ။ မည်သို့ဆိုစေကာမူ ဒီမိုကရက်တို့အနေဖြင့် အထက်နှင့်အောက်လွှတ်တော် နှစ်ရပ်စလုံးကို လူများစုအဖြစ် ဆက်လက်ထိန်းထားနိုင်မည် ဖြစ်သည်။

တိုက်တွန်း

သမ္မတရွေးကောက်ပွဲ အနိုင်ရရေးတွင် လက်ရှိအဓိက အကြောင်းအရာများကို သုံးသပ်သောအခါ၌ အမေရိကန်နိုင်ငံ၏ စီးပွားရေး အခြေအနေမှာ အရေးအကြီးဆုံးအဖြစ် တွေ့ရမည်ဆို၏။ အမေရိကန် မဲဆန္ဒရှင်များကို စိတ်တုန်လှုပ်စေသည့် အကြီးဆုံးပြဿနာမှာ စီးပွားရေး အခြေအနေပင်ဖြစ်သည်။ လူလတ်တန်းစားအတွက် စီးပွားရေးကယ်တင်မှု အစီအစဉ်အဖြစ် ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက သူ့စီမံချက်ကို ကြေညာသည်။ စီမံချက်တွင် ငွေကြေးအကျပ်အတည်းကြောင့် ထိခိုက်သည့် တစ်ဦးချင်း၊ ကုမ္ပဏီများနှင့် ပြည်နယ်များအား ကူညီရန် ဒေါ်လာဘီလီယံ ၆၀ တိုးချဲ့သုံးစွဲရေးမှာ အဓိကဖြစ်သည်။ ထိုနည်းတူစွာ ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းက သူ့စီးပွားရေး စီမံချက်ကို ကြေညာသည်။ နုတ်ရွေးခွင့် ပိတ်ပင်ခြင်းနှင့်ရင်ဆိုင်ရသူ အိမ်ရှင်များအား ပိုမိုအကူအညီပေးရေးကို သူ့စီမံချက်၌ ဦးစားပေးဖော်ပြထားသည်။ အခွန်အကောက် ပိုမိုဖြတ်တောက်ရေးကိုလည်း မက်ကိန်းက တိုက်တွန်းထားသည်။

အီရတ်အရေးမှာလည်း အရေးကြီးသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ ဤကိစ္စတွင် အိုဘားမားနှင့်မက်ကိန်းတို့ သဘောထားအကြီးအကျယ် ကွဲလွဲကြသည်။ အိုဘားမားက အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်ခေါ်မည်ဟု အာမခံပြောဆိုထားကြသည်။ ဂျွန်မက်ကိန်းကမူ နိုင်ငံတွင်းအခြေအနေ တည်ငြိမ်နေသည့် အားလျော်စွာ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို တဖြည်းဖြည်းချင်းရုပ်သိမ်းရေးကို ကြိုတင်တွက်ဆထားသည်။

ဒီမိုကရက်တို့က ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းတိုးတက်ရေးကို အဓိက ရည်မှန်းသကဲ့သို့ ရီပတ်ဘလီကင်ပါတီဝင် အများအပြားကလည်း ဥပဒေနှင့် ဆန့်ကျင်သော လူဝင်မှုကို အလွန်အရေးကြီးသောကိစ္စအဖြစ် သဘောထားသည်။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုနှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းရှိကြပြီး နှစ်ဦးစလုံးကပင် ပြည်ပမှသွင်းလာသည့်ရေနံအပေါ် အမေရိကန်နိုင်ငံမှီခိုမှု လျှော့ချရန် လိုလားကြသည်။ သို့သော် မည်သည်ကို ဖောင်းပေးဆောင်ရွက်ရမည်ဆိုသောကိစ္စတွင် သဘောထား ကွဲလွဲကြသည်။ မက်ကိန်းက အမေရိကန် ကမ်းလွန်ရေနံတွင်းမှ ရေနံ တူးရေးကို စိတ်အားထက်သန်သည်။ အိုဘားမားက မော်တော်ကားများ၏ စက်သုံးဆီ သုံးစွဲမှု ခရီးရောက်ရေးကို ဦးစားပေးလိုသည်။

ကိုယ်ဝန်ဖျက်မှု၊ ပင်မကလာပ်စည်းပြဿနာ၊ လိင်တူချင်းလက်ထပ်မှုစသော လူမှုရေး ကိစ္စများမှာ ၂၀၀၄ခုနှစ် ရွေးကောက်ပွဲ ကာလကနှင့်စာလျှင် ယခုအခါတွင် မဲဆန္ဒရှင်များ အကြား အလေးထားပုံမရပေ။

စကားစစ်ထိုး

ဖော်ပြပါအကြောင်းအရာများမှာ သမ္မတလောင်းများအနေဖြင့် ပြည်သူကြားတွင် ချပြသဘောထားပေးကာ မဲဆွယ်စည်းရုံးကြရသည်။ သမ္မတလောင်းချင်းလည်း အပြန်အလှန် ဝေဖန်ခြင်းများ ပြုလုပ်သည့်အပြင် စကားစစ်ထိုးပွဲများလည်း ပြုလုပ်ပြီးပေပြီ။ သမ္မတလောင်းများသာမက ဒုတိယသမ္မတလောင်းများသည်ပင် စကားစစ်ထိုး၍ ပြီးစီးခဲ့ပြီ ဖြစ်သည်။

မဲဆွယ်စည်းရုံးရာတွင် သမ္မတလောင်းများအဖို့ တစ်ပြည်နယ်နှင့်တစ်ပြည်နယ် အလေးထားစည်းရုံးရပုံချင်း မတူညီနိုင်ပေ။ အမေရိကန်နိုင်ငံ၏ အရှေ့ဘက်ကမ်းခြေနှင့် အနောက်ဘက်ကမ်းခြေ ပြည်နယ်အများစုသည် ဒီမိုကရက်တစ်သမ္မတလောင်းများကို ထောက်ခံမဲပေးတတ်ကြပြီး ကျန်အခြားသောပြည်နယ်အများစုမှာ ရီပတ်ဘလီကင် သမ္မတလောင်းများကို ထောက်ခံတတ်သည်။ ဤသည်မှာ ယေဘုယျတွေ့ရှိချက် ဖြစ်သည်။ သို့သော် ဘက်ပြောင်းထောက်ခံနိုင်သည့်ပြည်နယ်များ ရှိသည်။ ၎င်းတို့ထဲတွင် ဖလော်ရီဒါ၊ အိုဟိုင်းယိုး၊ ပင်ဆယ်ဗေးနီးယား(ပြည်နယ်တစ်ခုလျှင် အီလက်တိုရယ်ကောလိပ်ခေါ် သမ္မတရွေးချယ်ရေးအဖွဲ့ဝင်၂၀နှင့်အထက်ရှိပြည်နယ်များ)နှင့်တကွ ကော်လိုရာဒို၊ အိုင်အိုဝါ၊ မစ်ချီဂန်၊ မင်နီဆိုးတား၊ နယူးမက္ကဆီကို၊ နီဗားဒါး၊ ဗာဂျီးနီးယားနှင့် ဝစ္စကွန်ဆင် ပြည်နယ်များ ပါဝင်သည်။

အောင်ပွဲခံ

မြောက်ကယ်ရိုလိုင်းနားပြည်နယ်လို မကြာမီနှစ်များအတွင်းက ရီပတ်ဘလီကင်တို့ သေချာပေါက်အနိုင်ရသည့် ပြည်နယ်များတွင် ဂျွန်မက်ကိန်းကို ယှဉ်ပြိုင်စိန်ခေါ်နိုင်မည်ဟု အိုဘားမားက ယုံကြည်သည်။ ဂျွန်မက်ကိန်းကလည်း ဒီမိုကရက်တို့ ယခင်ထောက်ခံမှု အပြည့်ရသည့် အော်ရီဂွန်ပြည်နယ်တွင် သူသာအောင်ပွဲခံရမည်ဟု တွက်ထားသည်။

မဲဆန္ဒရှင် ပြည်သူတို့၏ အသည်းကြားမှ မဲတစ်ပြားရအောင် အားကြိုးမာန်တက် စည်းရုံးခဲ့ရသော သမ္မတလောင်း တစ်ဦးအနေဖြင့် ပြိုင်ဘက်သမ္မတလောင်းထက် ပြည်သူ့ ထောက်ခံမဲပိုရရုံဖြင့် သမ္မတဖြစ်ပြီလောဟု မေးစရာရှိသည်။

အမေရိကန် ရွေးကောက်ပွဲစနစ်တွင် ထိုသို့မဟုတ်ပါပေ။ အမှန်စင်စစ် အမေရိကန် ပြည်သူ မဲဆန္ဒရှင်များမှာ မိမိနှစ်သက်ရာ သမ္မတလောင်းကို မဲပေးနေကြခြင်းမဟုတ်။ သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များကိုသာ ဆန္ဒမဲပေးနေရခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ အမေရိကန် ပြည်သူမဲဆန္ဒရှင်များမှာ သမ္မတကို တိုက်ရိုက်မဲပေးရွေးချယ်ခြင်း မဟုတ်ပါပေ။ သမ္မတရွေးချယ်ရေးအဖွဲ့ဝင် စုစုပေါင်း ၅၃၈ဦးရှိသည်။ ပြည်နယ်ကြီးများက ပြည်နယ်ငယ်များထက် သမ္မတရွေးချယ်ရေးအဖွဲ့ဝင်ဦးရေ ပို၍ရသည်။

မိန်းပြည်နယ်နှင့် နီဘရားစကားပြည်နယ် နှစ်ခုမှလွဲ၍ ပြည်နယ်တိုင်းတွင် မဖြစ်စလောက်ပင် ပြည်သူ့မဲပိုရသည်ထားဦး ထိုသမ္မတလောင်းမှာ ပြည်နယ်၏ သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်အားလုံး၏ ထောက်ခံမှုကိုရရှိသည်။ သမ္မတလောင်းတစ်ဦးသည် သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင် ၂၇၀ ၏ ထောက်ခံမှုရလျှင် သမ္မတဖြစ်တော့သည်။

သမ္မတဖြစ်လာ

ပြည်သူ့ထောက်ခံမဲပိုရသော်လည်း သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များ၏ ထောက်ခံမဲ မပြည့်သဖြင့် သမ္မတရာထူး လက်လွှတ်ရမှု ရှိပါသလားဆိုလျှင် ရှိပါသည်။၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်ပြည်လုံးပြည်သူ့ထောက်ခံမဲ ၄၈ ဒသမ ၃၈ ရာခိုင်နှုန်းရသည့် အယ်လ်ဂိုးသည် ပြည်သူ့ထောက်ခံမဲ ၄၇ ဒသမ ၈၇ ရာခိုင်နှုန်းသာရရှိသူ ဂျော့ဘုရှ်ကို အရှုံးပေးလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဂျော့ဘုရှ်က သမ္မတရွေးချယ်ရေးအဖွဲ့ဝင် ထောက်ခံမဲ ၂၇၁မဲရပြီး၊ အယ်လ်ဂိုးက သမ္မတရွေးချယ်ရေးအဖွဲ့ဝင် ထောက်ခံမဲ ၂၆၆ မဲသာရသည့်အတွက်ဖြစ်သည်။ အလားတူအဖြစ်မျိုးမှာ ၁၈၈၈ခုနှစ်က ဘင်ဂျမင် ဟာရီဆန်က ဂရိုဗာဘလီဗီကင်ကိုနိုင်ကာ သမ္မတဖြစ်လာခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲအကြို လက်ရှိကာလတွင် အင်န်ဘီစီဝေါစထရိ ဂျာနယ် ပြည်သူ့သဘောထား စစ်တမ်းကောက်ယူချက်အရ ဒီမိုကရက်တစ်သမ္မတ လောင်းအိုဘားမားက ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းထက် ပိုမိုလူကြိုက် များနေသည်ကို တွေ့ရသည်။ သို့သော် နိုဝင်ဘာ၄ရက် (အင်္ဂါနေ့) သမ္မတရွေးကောက်ပွဲ တွင် မည်သူအနိုင်ရမည်ကိုမူ စောင့်ကြည့် လေ့လာရမည်ဖြစ်သည်။

ထိုနှစ်ဦးအနက် အိုဘားမားအနိုင်ရပါလျှင် အမေရိကန်သမိုင်းတွင် ပထမဆုံးသော လူမည်းသမ္မတဖြစ်မည်မှာကတော့ သေချာသည်။ သို့မဟုတ်ဘဲ ရွေးကောက်ပွဲ၌ ဂျွန်မက်ကိန်းသာ အနိုင်ရခဲ့ပါမူ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်တွင် အသက်အကြီးဆုံး သမ္မတဖြစ်လာမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်



နိုင်ငံတကာ သတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

သူတို့အတွေးနှင့်အမြင်

✻ ***Gravity is only the bark of wisdom;but it preserves it.***

ဣန္ဒြေသိက္ခာသည် ဉာဏ်ပညာ၏ အကာသဖွယ်သာဖြစ်သော်လည်း ၎င်းကိုယ် ၎င်း မူလအခြေအနေအတိုင်း ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။

ကွန်ဖြူးရှပ်စ် (တရုတ် အတွေးအခေါ်ပညာရှင်)

✻ ***A memorandum is written not to inform the reader but to protect the writer.***

အမှာစာဆိုသည်မှာ စာဖတ်သူအား သတင်းအချက်အလက် ပေးခြင်းမဟုတ်ဘဲ စာရေးသူအား အာမခံချက်ပေးခြင်းပင် ဖြစ်သည်။

ဒီးန်အချီဆန် (အမေရိကန်လူမျိုး အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

အစားထိုးကုသဖို့ ....

ဆေးရုံသို့ နှလုံးအစားထိုးကုသရန် ထပ်မံရောက်ရှိလာသူ လူနာတစ်ဦး ဆေးရုံ တွင်းသို့ဝင်ခါနီးတွင် ဂျူတီကုတ်အဖြူဝတ် ဆရာဝန်နှစ်ဦး ပန်းခြံထဲ၌ တစ်စုံတစ်ခုကို အနှံ့အပြား လိုက်လံရှာဖွေနေသည်ကိုတွေ့ရာ-

လူနာ ။ ။ တစ်ဆိတ်လောက်မေးပါရစေ၊ ဆရာတို့ ပစ္စည်းတစ်ခုခု ပျောက်သွားလို့ ရှာနေကြတာလားခင်ဗျား။

ထိုအခါ ဆရာဝန်နှစ်ဦးအနက် တစ်ဦးက ပြန်ဖြေလိုက်သည်မှာ ...

ဆရာဝန် ။ ။ ဟင့်အင်း၊ ဝင်ငွေခွန် စစ်ဆေးရေးမှူးရဲ့နှလုံးကို အစားထိုး ကုသဖို့ သင့်တော်မယ့် ကျောက်ခဲတစ်လုံးကို ရှာနေတာပါ။

လူနာ ။ ။ 'ဗျာ'

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ဖိနပ်အများဆုံး ခင်းကျင်းပြသပွဲကြီး

အမေရိကန်နိုင်ငံဝါရှင်တန်မြို့ အမျိုးသားပထဝီရေးရာအဖွဲ့ချုပ်ကြီး၏ ရှေ့မြေကွက် လပ်ကြီးတွင် ယင်းအဖွဲ့ကဦးစီး၍ အားကစားဖိနပ်အရံပေါင်း ၁၀၅၁၂ရန်ကို ရှေ့နောက် ဆက်တိုက်စီတန်းပြသခဲ့ရာ အရှည် ၁ ဒသမ ၆၅ မိုင်နီးပါးရှိသဖြင့် ကမ္ဘာ့ဖိနပ် အများဆုံးခင်း ကျင်းပြသပွဲကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။ **(အပေါ်ပုံ)**

ပြန်လည်အသုံးပြု

အဆိုပါပြပွဲကြီးကို ကျင်းပနိုင်ရန်အတွက် အမျိုးသားပထဝီရေးရာအဖွဲ့ချုပ်ကြီး၏ ကလေးများမဂ္ဂဇင်းအယ်ဒီတာချုပ် မီလီနာဘယ်လိုသည် ဒေသအသီးသီးမှ ပါဝင် ပြသမည့် ဖိနပ်များကို မဂ္ဂဇင်းမှတစ်ဆင့် တောင်းခံခဲ့သည်။ ပါဝင်ပြသမည့် အားကစား ဖိနပ်များသည် နိုက်ခ်ကုမ္ပဏီမှ ပြန်လည်ထုတ်လုပ်မည့် ဖိနပ်များဖြစ်ပြီး ဘော့စ်ဘောကစား ကွင်းများနှင့် အခြားအားကစားနည်းများတွင် ပြန်လည်အသုံးပြုခဲ့သည့် ဖိနပ်များ ဖြစ်သည်။ **(အင်တာနက်ဓာတ်ပုံ)**

ကမ္ဘာ့အကြီးဆုံး အပန်းဖြေဟိုတယ်ကြီး

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ အရှေ့ဘက် ဘရမ်မာနာတောင်စခန်းမြို့ရှိ အပန်းဖြေစခန်း၌ တည်ဆောက်ထားသော ဂရင်းပေးလ်ဟိုတယ်နှင့် ရေပူစမ်းမှာ ကမ္ဘာပေါ်တွင် အကြီးဆုံး တော်ဝင်ဟိုတယ်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ပြီး ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ (ဝဲပုံ)

အဆိုပါ ဂရင်းပေးလ်ဟိုတယ်သည် အခန်းတိုင်းတွင် ဧည့်ခန်းတစ်ခန်းစီပါဝင်ပြီး အကျယ်အဝန်းအားဖြင့် ၄၁၃၁ စတုရန်းမီတာရှိ၍ ယခုကဲ့သို့ ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံခဲ့ရခြင်းဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် အောက်တိုဘာ ၆ ရက်က ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုကိုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းက ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

ကျောက်ဖြူ၌ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကျောက်ဖြူ အောက်တိုဘာ ၂၀

ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်စောက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးဦးမြမောင်ကြီးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မို့မို့အုန်းက စာအုပ်စာစောင် ၂၁၉ အုပ်ကိုလည်းကောင်း(ယာပုံ)၊ ဒေါက်တာခင်စိုးက သတင်းစာစောင်ရေ ၂၇၃ စောင်ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဦးမြမောင်ကြီးက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကွန်ကရစ်တံတားတည်ဆောက်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးလမ်း ကွန်ကရစ်တံတားတည်ဆောက်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်ငွေးကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးမြင့်ဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆိပ်ဖြူမြို့၌ စာကြည့်တိုက် ပညာသင်တန်းဖွင့် ရေရှည်တည်တံ့ရေး နည်းလမ်းများဆွေးနွေး

ဆိပ်ဖြူ အောက်တိုဘာ ၂၂

ဆိပ်ဖြူမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် စာကြည့်တိုက်ပညာသင်တန်း ဖွင့်ပွဲကို ဆိပ်ဖြူ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ငွေသဲဖြူ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်ကစာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍စာကြည့်တိုက်လက်ထောက်(၃)ဒေါ်နန္ဒာလှိုင်က စာကြည့်တိုက်တွင် စာအုပ်စာရင်း ရေးသွင်းနည်း၊ စာကြည့်တိုက်မှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်အေးအေးခိုင်က မျိုးတူစုခွဲခြားနည်း၊ စာကြည့်တိုက် မှတ်ပုံတင်နှင့် စာအုပ်စာစောင် တိုးပွားရေး တို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အရန်သားဖွား သင်တန်းဆင်း

ပခုက္ကူ အောက်တိုဘာ ၂၃

ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပခုက္ကူခရိုင် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွားသင်တန်းဆင်းပွဲ (၃/၂၀၀၈)ကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ပခုက္ကူ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တေဇာမြတ်ထွေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုကြီးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ဆေးရုံအုပ်ကြီးကလည်းကောင်း၊ သင်တန်းနည်းပြများနှင့် သင်တန်းထူးချွန်ဆု ရရှိသူများအား ဒေါက်တာဒေါ်တေဇာမြတ်ထွေးကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။ (၀၇၀)

ပဲခူးမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကပင်မရေနုတ်မြောင်းဖြစ်သော ပဲခူးမြို့ အမှတ်(၃)အထကကျောင်းဘေး ကျုံးရေစီးဆင်းမှုကောင်းမွန်စေရန် စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်မှုကို အောက်တိုဘာ ၂ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးမင်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်ရေး အသိမြှင့်တင်ရေးသင်တန်း စစ်ကိုင်း၌ဖွင့်

စစ်ကိုင်း အောက်တိုဘာ ၁၄

စစ်ကိုင်းခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးကြပ်၍ Care Myanmar နှင့် ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ၉ရက် နံနက် ၉နာရီက စစ်ကိုင်းမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးသင်တန်းဆင်းနှင့် ကြက်မွေးမြူရေး လုပ်ငန်းရှင်များ စုစုပေါင်းသင်တန်းသားသင်တန်းသူ၂၀တက်ရောက်ပြီး ယင်းသင်တန်းသား သင်တန်းသူများမှာ ရပ်ကွက်၊ကျေးရွာများရှိ ပြည်သူလူထုအသိမြှင့်တင်ရေး လုပ်ငန်းများကို ထပ်ဆင့်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-ပြည်လမ်း ဘေးဝဲယာ ကပ်တုံးရှေ့နှင့် ရွှေပြည်သာပန်းဥယျာဉ်ရှေ့ကပ်တုံးများ မြက်ပေါက်ခြင်း၊ မြက်ဖြတ်ခြင်းများကို အဖွဲ့ဝန်ထမ်းများဖြင့် အောက်တိုဘာ ၁၀ရက်က ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများဆောင်ရွက်

ရမည်းသင်း အောက်တိုဘာ ၂၀

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်တိုဘာ ၁၂ရက်က ရမည်းသင်းမြို့နယ် မြို့လှကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် ဆေးရုံအထူးကု ဆရာဝန်ကြီးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်က ကျေးရွာလမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့်နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အသိပညာပေး ရှင်းလင်းဆွေးနွေးသွားပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် ခရိုင်ဆေးရုံ အထူးကုဆရာဝန်ကြီးများက ကျေးလက်ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရေလှောင်ကန်မှ မြို့ရေဖြန့်ဝေမှု ဖလမ်း၌ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၂၄

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဖလမ်းမြို့သို့ ရောက်ရှိကာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော အမှတ်(၂) ပင်မပိုက်လိုင်း သုံးလက်မ ပီဗွီစီ အရှည်ပေ ၃၀၀၀ အစားထိုးသွယ်တန်းခြင်း လုပ်ငန်းများ၊ ရေလှောင်ကန်မှ မြို့ရေဖြန့်ဝေမှု အခြေအနေများကို အောက်တိုဘာ ၁၆ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် အင်ဂျင်နီယာ-၂ ဦးလလ်ဟုပ်ထန်းတို့က ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)



ရန်ကုန်တိုင်း ထန်းတပင် မြို့နယ် မြို့မဈေးကြီး အတွင်း အသားရောင်း ချ မှု များ သတ်မှတ်ဈေးနှုန်းဖြင့် အလေးချိန်ခွင် မှန်ကန်စွာ ရောင်းချမှု ရှိ မရှိကို စက်တင်ဘာ ၈ရက်က အမှုဆောင် အရာရှိ ဦးငွေးလှိုင်နှင့်ကျန်းမာရေးမှူး ဦးသိန်းဝင်းတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

ဇန်းမောက် အောက်တိုဘာ ၁၅

ကသာခရိုင် ဇန်းမောက်မြို့နယ် ပင်ဟင်းခါးအုပ်စု သာယာကုန်းကျေးရွာ၌ အားမာန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက် ၁၀နာရီက အားမာန်စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ဝင်းဝင်းမြိုင်နှင့် သာယာကုန်းကျေးရွာ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် အလှူရှင်များက သုတ၊ ရသစာအုပ်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝင်းက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပိုင် အောက်ပါပစ္စည်းများကို မြန်မာနိုင်ငံသားများအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(က) လေအေးပေးစက်များ

(ခ) ရုံးသုံးစက်များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၀၈ရက်မှ ၁၀-၁၁-၂၀၀၈ရက်အထိ

တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၀၈ရက်

၃။ အသေးစိတ်အချက်အလက်များကို ၂၇-၁၀-၂၀၀၈ရက်မှစ၍ အင်ဂျင်နီယာဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

ချိပ်ပိတ်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်တက္ကသိုလ်၏(၁၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံ ရိုက်ကူးရေးလုပ်ငန်း

၂။ **တင်ဒါသက်တမ်း** - ၁၅-၁၁-၂၀၀၈ရက်မှ ၁၆-၁၁-၂၀၀၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်တက္ကသိုလ် စီမံရေးရာဌာနခွဲ၊ သိပ္ပံဆောင် အပေါ်ထပ်

၄။ **စတင်ရောင်းချမည့်ရက်** - ၂၈-၁၀-၂၀၀၈ရက်(အင်္ဂါနေ့)

၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်၊နေရာ** - ၇-၁၁-၂၀၀၈ရက်(သောကြာနေ့) - မွန်းတည့် ၁၂နာရီ၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ပါမောက္ခ(ဌာနမှူး) ရုံးခန်း၊ ရန်ကုန်တက္ကသိုလ်။

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၃၄၀၂၄သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး

ချိပ်ပိတ်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ရန်ကုန်တက္ကသိုလ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-စီ)၊ မြေကွက်အမှတ် ၁၂၆၊ မြေအကျယ် ၀ ဒသမ ၁၀၂ ဧက၊ မြေပိုင်မြေမျိုး မြေအမည်ပေါက် ဒေါ်မြင့်မြင့်အေး **LPN**-၀၀၃၁၂၃ဟု မှတ်သားထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၁၀၀၊ ကျိုက္ကဆံလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် တိုက်သစ်တည်ဆောက်ရန် ကျွန်ုပ်၏ မိတ်ဆွေနှင့် မြေပိုင်ရှင် ဒေါ်မြင့်မြင့်အေးတို့ အပြီးအပြတ် ဆွေးနွေးညှိနှိုင်းပြီး ဖြစ်ပါသည်။

၂။ ဤကဲ့သို့ အဆိုပါမြေကွက်ပေါ်၌ တိုက်သစ်တည်ဆောက်ခြင်းအား အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါလျှင် အချိန်၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂

အထက်တန်းရှေ့နေ

အမှတ် ၂၀၂/D၊ သုံးလွှာ၊ တိုက် ၉/၁၁၊ ၃၆လမ်းတို၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀-၃၁၈၁၀။





သားအဖြစ်မှ စွန့်လွှတ်ခြင်း

မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် လ/၁၅နေ ဦးစိုင်းပန်းမောင် ၁၃/မပတ(နိုင်)၀၀၃၄၁၁ နှင့် ဒေါ်နန်းဆိုင်ဖူး ၁၃/မပတ (နိုင်) ၀၀၃၄၁၀တို့၏သား စိုင်းဟိန်းအောင်လတ် ၁၃/မပတ(နိုင်) ၀၃၁၅၄၃သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးစိုင်းပန်းမောင်

မိခင်-ဒေါ်နန်းဆိုင်ဖူး။

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)က ကြီးမှူး၍ ဘက်စုံထူးချွန်ဆုနှင့်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးနှင့်အထက် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ပြည်နယ်အဆင့် သိပ္ပံဘွဲ့နှင့် ဝိဇ္ဇာဘွဲ့တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ ဂုဏ်ထူးနှစ်ဘာသာအထက် ရရှိကြသော အသင်းဝင်တို့၏ သားသမီးနှင့်မြေးမြစ်များ၊ နိုင်ငံတော်ဗဟိုအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် ဘက်စုံဖွံ့ဖြိုး ပထမ၊ ဒုတိယ၊ တတိယထူးချွန်ဆုရရှိသူများသည် အမှတ်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ကျောင်းအုပ်၏ ထောက်ခံချက်များနှင့်အတူ ဒေါ်ဝင်းမေ တိုက်၂၄၊ အခန်း၃၄ ဦးဝိစာရအိမ်ရာ ဖုန်း-၃၈၇၄၅၁၊ ဒေါ်မြဝင်း ၁၈၄/၁၁ရပ်ကွက် သီဟသူရလမ်း တောင်ဥက္ကလာပ ဖုန်း-၅၇၃၁၄၃၊ ဒေါ်ခိုင်နု တိုက် ၂၅၊ အခန်း ၁၉ ဦးဝိစာရအိမ်ရာ ဖုန်း-၃၇၄၄၉၀တို့သို့ နိုဝင်ဘာ၄ရက် နောက်ဆုံးထား စာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မိတ္ထီလာမြို့တွင် ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)နှင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)မှ အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၉ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော က အမှာစကားပြောကြားသည်။

ထို့နောက် အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဗဟိုစစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက ငွေကျပ် ၂၀၀၀၀နှင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၀၀၀၀ဖြင့် အဖွဲ့ဝင် ၇၂ဦးအတွက် ငွေကျပ်၂၁၆၀၀၀၀ ထောက်ပံ့ခဲ့ရာ ၄င်းထောက်ပံ့ငွေများကို မန္တလေးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော(**အငြိမ်းစား**)နှင့် တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)အဖွဲ့ဝင် ဗိုလ်ကြီးအောင်ဖြူ(ငြိမ်း)၊ တိုင်းညွှန်ကြားရေးမှူး သမဝါယမဦးစီးဌာန နှင့် ဗိုလ်ကြီးနေလင်း(ငြိမ်း)၊ မိတ္ထီလာခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦးနှင့် မိတ္ထီလာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ပေးအပ်ကြသည်။ **(ဝဇဖ)**

လှိုင်းဘွဲမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်လေးရပ်ကွက်ရှိ စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၅ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခေတ္တရာအသင်း အလှူပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

ခေတ္တရာအသင်း(ရန်ကုန်မြို့)၏ အလှူပွဲကို နိုဝင်ဘာ၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပြည်ခရိုင် အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးသန်းထွန်း ဖုန်း-၃၄၇၅၃၁၊ ဦးငွေအောင် ဖုန်း-၅၃၀၆၇၄၊ ဦးဖေကြည် ဖုန်း-၃၈၈၅၉၉၊ ဒုတိယ ဗိုလ်မှူးကြီး ဝင်းမြင့် (ငြိမ်း) ဖုန်း-၅၂၇၈၁၁ (လိုင်းခွဲ-၁၁၈၈)၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း-၂၄၉၀၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အခွန်ဆိုင်ရာ စာစီစာကုံးပြိုင်ပွဲ ဘားအံမြို့ ပညာရေးကောလိပ်၌ကျင်းပ

ဘားအံ အောက်တိုဘာ ၂၀

ကရင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘားအံပညာရေးကောလိပ်တို့ ပူးပေါင်းကျင်းပသည့် အခွန်ဆိုင်ရာ စာစီစာကုံးပြိုင်ပွဲကို အောက်တိုဘာ၃ရက်က ဘားအံမြို့ ပညာရေးကောလိပ်ခန်းမဆောင်၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် ကရင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးသန်းဆွေနှင့် မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူး ဦးဝင်းသိန်း၊ ဘားအံပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာကြီး ဦးစောလင်းခယ်နှင့် ဆရာ၊ ဆရာမများကြည့်ရှုအားပေးပြီး(ဝဲပုံ) ဆုရှိသူ ငါးဦးအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တွန်းဇန်ဇုန်နယ်အလိုက် ဘောလုံးယှဉ်ပြိုင်

ဖလမ်း အောက်တိုဘာ ၂၀

တွန်းဇန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပထမပွဲစဉ်အဖြစ် တွေးတုမ်းကျေးရွာအုပ်စုအသင်းနှင့် လုံတပ်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လုံတပ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ **Deputy Chief of General Staff, General, Zhang Li** အား နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ Deputy Chief of General Staff, General, Zhang Li ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ တပ်မတော်စစ်ဘက်ရေးရာ

စာမျက်နှာ ၈ ကော်လံ ၄ ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ခရမ်းချဉ်သီးများ စားသုံးခြင်းဖြင့် ကင်ဆာရောဂါ ကာကွယ်နိုင်ဟုဆို

လန်ဒန် အောက်တိုဘာ ၂၇

မျိုးဗီဇပြုပြင်ထားသည့် ခရမ်းချဉ်သီးများတွင် ပါဝင်သော အာဟာရဓာတ်များသည် ကင်ဆာရောဂါကို ကာကွယ်နိုင်စွမ်းရှိကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

အထောက်အကူ

အဆိုပါ လေ့လာတွေ့ရှိချက်များကို သဘာဝဇီဝနည်းပညာ ဂျာနယ်တွင် ရေးသားဖော်ပြထားရာ ဗီဇပြုပြင်ခရမ်းချဉ်သီးများသည် လူသားများ၏ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေသဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသင့်ကြောင်း တိုက်တွန်းရေးသားထားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■

ရာရှ်မီဆိုင်ကလုန်းမုန်တိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

အောက်တိုဘာ ၂၇ ရက် မြန်မာစံတော်ချိန် ၁၁ နာရီ ထုတ်ပြန်ချက်-

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ရာရှ်မီ(RASHMI) အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးမှ ကမ်းခြေကိုဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ အဆိုပါကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက် အရပ်သို့ ဆက်လက်ရွေ့လျားကာ နောက် ၂၄ နာရီအတွင်း အားပျော့သွားမည်ဟု ခန့်မှန်းရသည်။

နေရာအနှံ့အပြား မိုးရွာနိုင်

အဆိုပါ မုန်တိုင်း၏အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိပြီး တစ်ခါတစ်ရံ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တောင်သူများ ပြောင်းချိုစိုက်ပြီး ဝင်ငွေတိုးကြပြီ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)



နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ ပြောင်းစိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။

နေပြည်တော် အောက်တိုဘာ ၂၇ (ဖက်စ်)

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမြောက်ဘက် ထွက်လိုက်သည်နှင့် စိုက်ခင်းများက မျက်စိတစ်ဆုံး....။

ပြောင်းစိုက်ခင်းနှင့် ပန်းဂေါ်ဖီစိုက်ခင်းများ၊ လုပ်ငန်းခွင်ဝင်ရောက်နေသူများဖြင့် လှုပ်ရှားသက်ဝင်နေမှုမှာ လက်ရာမြောက်ပန်းချီကားတစ်ချပ်နှယ်။ "ဟိုရှေ့က စိုက်ခင်းက တောင်သူဦးထွန်းအေးရဲ့ ပြောင်းစိုက်ခင်းပဲ" ဟု နွယ်ရစ်ရွာသားတစ်ဦး ညွှန်ပြမှုကြောင့် ကန်သင်းရိုးပေါ်မှဖြတ်လျှောက်ကာ လုပ်သားများဖြင့် ပြောင်းဖူးများ လှည်းပေါ်တင်နေသည့် ယာတဲရှိရာသို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ *

28-10 (20).pmd 1 10/28/2008, 2:14 AM